# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၄) အမှတ် (၈၂)

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့။


**အေးစေ မြဲစေ မေတ္တာရေ**

❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွံ့မမုန်း၊
❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# ဂျီအမ်အက်စ်နိုင်ငံများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားလုံးအကျုံးဝင်နိုင်အောင် ဆောင်ရွက်ရန်လို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ဗန်ကောက် ဒီဇင်ဘာ ၂၀

**ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။**

အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့် နိုင်ငံတော်သမ္မတနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Takehiko Nakao နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏အောင်မြင်မှုများနှင့် အနာဂတ်မျှော်မှန်းချက်ဗီဒီယိုကို ပြသသည်။

ထို့နောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက အဖွင့်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❁

**စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံအနေဖြင့် စနစ်တစ်ခုကို အရှိန်အဟုန်မြှင့် ပြောင်းလဲနေပြီး ဂျီအမ်အက်စ်နိုင်ငံများအကြားနှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပိုမိုနီးကပ်စွာ ပေါင်းစပ်လာခြင်းတို့သည်လည်း ဒေသတွင်း ကြီးမားသည့် အခွင့်အလမ်းများကို ဖြစ်ပေါ်စေမည်**

**နိုင်ငံတကာ**

## ကိုလံဘီယာ ဖတ်သူပုန် အကန့်အသတ်မရှိ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမှုစတင်

စာမျက်နှာ ❖ ၄

**ပြည်တွင်း**

## ရှေးဟောင်းစေတီတော်ကို ရှင်းလင်းရာမှ ဆင်းတုတော်နှင့် ဓာတ်တော်များတွေ့ရှိ

စာမျက်နှာ ❖ ၁၁

**အားကစား**

## အီတလီစူပါဖလားဗိုလ်လုပွဲမှာ ဂျူပင်တပ်စ်နဲ့ နာပိုလီတွေ့ပြီ

စာမျက်နှာ ❖ ၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဘက်စုံရေလှောင်တမံစီမံကိန်း

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြပါသည်။ ကျေးလက်နေပြည်သူများ၏လူမှုဘဝမြှင့်တင်ရာတွင် ဘက်စုံရေလှောင်တမံများ တည်ဆောက်ပေးခြင်းသည် ထိရောက်မှုအရှိဆုံး စီမံဆောင်ရွက်မှုပင် ဖြစ်ပါသည်။ ဘက်စုံရေလှောင်တမံစီမံကိန်းများသည် စိုက်ပျိုးရန်ရေအတွက်သာမက လျှပ်စစ်ဓာတ်အားပါထုတ်ယူနိုင်ခြင်းကြောင့် ကျေးလက်ဒေသများသာမက မြို့ပြများဖွံ့ဖြိုးရေးကိုလည်း အထောက်အကူဖြစ်စေနိုင်ပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့နိုင်ငံတွင် ဘက်စုံရေလှောင်တမံစီမံကိန်းများကို နိုင်ငံတစ်ဝန်း ရေဆင်းအားကောင်းသည့် ဖြစ်နိုင်ခြေရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ အရှိန်အဟုန်မြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒီဇင်ဘာ ၁၇ ရက်တွင် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိစဉ် ဤမြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းသည် ဒေသခံပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ဆည်မှလျှပ်စစ်ဓာတ်အားပါ ထုတ်ယူရရှိမည်ဖြစ်၍ ဒေသခံများအတွက် လျှပ်စစ်မီးရရုံသာမကဘဲ အသေးစား အလတ်စားစက်မှုလက်မှုလုပ်ငန်းများပါ လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးရရှိသည့်အတွက် ဒေသခံပြည်သူများ လူနေမှုဘဝ ပိုမိုမြင့်မားကောင်းမွန်လာမည်ဖြစ်ပြီး များစွာအကျိုးရှိမည့် ဘက်စုံစီမံကိန်းဖြစ်ကြောင်း၊ ဆည်တည်ဆောက်ခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်သာမက ဒေသပတ်ဝန်းကျင်တစ်ခုလုံးလည်း စိမ်းလန်းစိုပြည်သွားမည် ဖြစ်ပါကြောင်း၊ နောင်သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည် ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာမြစ်ပေါ်တွင် တည်ရှိပြီး တမံအလျားပေ ၃၁၆၅၀ ရှိကာ မြန်မာနိုင်ငံတွင် အရှည်လျားဆုံး ကုန်းကျောတမံဖြစ်ကြောင်း သိရပါသည်။ ယခုအခါ ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၁၆ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားရန် လျာထားပါသည်။ စီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧရိယာဧက ၁၂၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် အပြင် တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်စက်ရုံပါ တည်ဆောက်ပြီး နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ လျှပ်စစ်ဓာတ်အားပါ ထုတ်ယူရရှိနိုင်မည့် ရေလှောင်တမံ ဘက်စုံစီမံကိန်းများ မြန်မာနိုင်ငံတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေအားလျှပ်စစ်စီမံကိန်း ၉၂ ခုအထိ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်လျက်ရှိပါသည်။ ဘက်စုံရေလှောင်တမံ စီမံကိန်းများကို လက်ရှိတွင် လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်နေသကဲ့သို့ ဆက်လက်ဆောင်ရွက်ရန်လျာထားမှုများလည်း ပြုလုပ်လျက်ရှိပါသည်။ ဘက်စုံရေလှောင်တမံစီမံကိန်းများ အများအပြားပေါ်ထွက်လာသည်နှင့်အမျှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင် နိုင်မည့်အပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်နိုင်မည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားကာ ဒေသခံပြည်သူများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ




# လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံရှိ အမျိုးသားရုပ်သံ ထုတ်လွှင့်ခြင်းကော်မရှင်၏ လုပ်ငန်းများကို လေ့လာရန် ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ အဖွဲ့တွင် ဦးခိုင်မောင်ရည်၊ ဦးသိန်းထွန်းဦး၊ ဦးစိုးပိုင်၊ ဦးစိုင်းသန်းနိုင်၊ ဦးထန်းလိန်း၊ ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦးနှင့် ဒေါ်သန်းသန်းရီတို့ လိုက်ပါသွားကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အသိပေးကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင်စစ်ရေးပြအခမ်းအနားအတွက် တပ်ပါအစအဆုံးလေ့ကျင့်မှု၊ ဝတ်စုံပြည့်လေ့ကျင့်မှုများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၂၄/၂၆/၂၇/၂၉/၃၀) ရက်နေ့များနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တို့တွင် ပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါနေရာ ငါးခု၌ နံနက် ၄ နာရီမှ နံနက် ၁၀ နာရီထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါသည်-

- ရာဇဌာနီလမ်း၊ ရုံးအမှတ် (၂၇) ၊ ဘဏ္ဍာရေးဝန်ကြီးဌာနရုံးထိပ်
- ရာဇဌာနီလမ်း၊ ရုံးအမှတ် (၁၈) ထွက်ပေါက်လမ်းဆုံ
- ဇေယျဌာနီလမ်း၊ ရုံးအမှတ် (၅) ၊ ပို့ဆောင်ရေးဝန်ကြီးဌာနရုံးရှေ့
- ဇေယျဌာနီလမ်း၊ ရုံးအမှတ် (၃၈) အနီး
- ရာဇဌာနီလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းနှင့် ကြာပန်းအဝိုင်းအကြား

အဆိုပါလမ်းများ ခေတ္တပိတ်ထားစဉ် ဝန်ကြီးဌာနများမှ ဝန်ထမ်းကြို/ပို့ မော်တော်ယာဉ်များနှင့် ပုဂ္ဂလိကကိုယ်ပိုင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များသည် ရာဇသင်္ဂဟလမ်း၊ ပဏ္ဍိတလမ်း၊ ဇဝနလမ်းများအတိုင်း ပြောင်းလဲအသုံးပြုပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လုံခြုံရေးကော်မတီ**

# အီဘိုလာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ရက်အထိ ဗန်ကောက်မြို့ Royal Orchid Sheraton ဟိုတယ်၌ ကျင်းပခဲ့သော ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အာဆီယံအပေါင်းသုံးနိုင်ငံ ကျန်းမာရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးပထမနေ့တွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ကြိုတင်က ာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဒေါက်တာစိုးလွင်ငြိမ်းကလည်းကောင်း၊ ဒုတိယနေ့တွင် ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်သော မြန်မာနိုင်ငံ၏တင်ပြချက်ကို ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ကလည်းကောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေး၌ အာဖရိကနိုင်ငံများတွင် လက်ရှိဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်မှုထိန်းချုပ်ခြင်းလုပ်ငန်းတွင် ကူညီဆောင်ရွက်ရန် အရေးပေါ်လိုအပ်နေသော ဆရာဝန် ၇၀၀ ခန့်နှင့် ကျန်းမာရေးလုပ်သား ၅၀၀၀ခန့်အား အာဆီယံဒေသတွင်းနိုင်ငံများမှ ကူညီစေလွှတ်ဆောင်ရွက်ရန် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ စေလွှတ်နိုင်ရန် နိုင်ငံအလိုက်စီစဉ်ဆောင်ရွက်ရန်နှင့် လေ့ကျင့်သင်တန်းပေးရန်၊ ၎င်းဒေသအတွင်း လိုအပ်သော အခြားအကူအညီများပေးနိုင်ရန်၊ အာဆီယံဒေသတွင်း နိုင်ငံတစ်ခုတွင် အီဘိုလာလူနာတွေ့ရှိပါက ရောဂါအတည်ပြု စစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို အာဆီယံဒေသတွင်း နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီပေးပို့ဆောင်ရွက်ရေး၊ ကပ်ရောဂါအသွင်ဖြစ်ပွားပါက ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးအတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**






## CLAIMS DAY NOTICE
## M.V DELPHINUS VOY:NO(364)

Consignees of cargo carried by M.V DELPHINUS VOY: NO.(364) are here by notified that the vessel will arrive on about 22-12-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအကြား အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**



မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး (၆/၂၀၁၄)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်များအကြား အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အရည်အသွေးမြှင့်တင်ကြရန်ဖြစ်ပါကြောင်း၊ လွှတ်တော်လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြစေလိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက (၅/ ၂၀၁၄) အစည်းအဝေးဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ကိုယ်စားတက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌများက တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်အလိုက် ဆောင်ရွက်ချက်များ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၁၊၂၅ ပါကိစ္စရပ်များ၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းပုံ စည်းမျဉ်း(မူကြမ်း)တို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# တပ်မတော်နှင့်သတင်းမီဒီယာများအကြား သတင်းစီးဆင်းမှုချောမွေ့စေရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

သတင်းမီဒီယာများ အနေဖြင့် တပ်မတော်နှင့် ပတ်သက်သည့် ဗဟုသုတများကို သိရှိစေနိုင်ရေးနှင့် သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ စီးဆင်းမှုရှိစေရေးအတွက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ကျင်းပသော တပ်မတော်နှင့် သတင်းမီဒီယာများအကြားသတင်းစီးဆင်းမှုချောမွေ့စေရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီစာပေတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးသန့်တင်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီမှ တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က ဗိုလ်မှူးချုပ်စိုးနိုင်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာများမှ တာဝန်ရှိသူများ၊ သတင်းထောက်များတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဒေါက်တာမျိုးသန့်တင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်စိုးနိုင်ဦးက တပ်မတော်နှင့်ပတ်သက်သည့် သတင်းအချက်အလက်ဗဟုသုတများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် 7 Day Daily မှ သတင်းထောက်ချုပ် ဦးအောင်သူရက တပ်မတော်မှ သတင်းရယူရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကိုလည်းကောင်း၊ ပြည်ထောင်စု နေ့စဉ်မှ သတင်းထောက်ချုပ်ဒေါ်အေးချမ်းမိုးက တပ်မတော်မှသတင်းရယူရာတွင် လက်ငင်းဆောင်ရွက်ရမည့် အကြံပြုချက်များကို လည်းကောင်း၊ ပွဲတင်သံဂျာနယ်မှ အယ်ဒီတာ ဦးဟန်ဇော်က တပ်မတော်က ရေရှည် ဆောင်ရွက်သွားနိုင်မည့် အကြံပြုချက်များကိုလည်းကောင်း၊ ရိုက်တာသတင်းဌာနမှ ဦးအောင်လှထွန်းနှင့် ပေါ်ပြူလာဂျာနယ်မှ အမှုဆောင်အယ်ဒီတာ ဦးလကျ်ာထွန်းတို့က မီဒီယာကျင့်ဝတ်၊ ဆောင်ရန်ရှောင်ရန်နှင့်သဘောတူညီချက်များကိုလည်းကောင်း အသီးသီး ဆွေးနွေးကာ အလုပ်ရုံဆွေးနွေးပွဲကို ညနေ ၃ နာရီခွဲတွင် ခေတ္တရပ်နားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ညနေ ၄ နာရီတွင် ပြန်လည်စတင်ရာ တပ်မတော်အရာရှိကြီးများက တပ်မတော်ဆိုင်ရာ အသိပညာအချက်အလက် ဗဟုသုတ၊ သတင်းမီဒီယာ ဆက်သွယ်ရေးနှင့် သတင်းပိုင်းဆိုင်ရာ မီဒီယာကိစ္စရပ်များကို ဆွေးနွေးအကြံပြုခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ပြည်တွင်းမီဒီယာများက ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ဒုတိယဥက္ကဋ္ဌဦးခင်မောင်လေးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။



**(မြဝတီ)**



# မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းမြောက်ဘက် ဧရာဝတီမြစ်ကမ်းရှိ ကရဝိက်ရေပေါ်ရွှေလျှားဟိုတယ်ပေါ်တွင် စားသောက်ဆိုင်ဖွင့်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့ ကမ်းနားလမ်း ဂေါဝိန်ဆိပ်ကမ်းမြောက်ဘက် ဧရာဝတီမြစ်ကမ်းရှိ မန္တလေးကရဝိက်ရေပေါ် ရွှေလျှားဟိုတယ်ကြီးတွင် စားသောက်ဆိုင်ကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးကရဝိက်ရေပေါ်ရွှေလျှားဟိုတယ်အား မကြာမီ ဖွင့်လှစ်မည်ဖြစ်ပြီး ယခုဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီမှ ည ၁ နာရီအထိ Happy New year ပွဲတော်ကို ဧရာဝတီမြစ်တွင် ကျင်းပမည်ဖြစ်ရာ နာမည်ကြီး အဆိုတော်များဖြင့် ညည့်ခံဖျော်ဖြေမည်ဖြစ်ပြီး ဧရာဝတီမြစ်အတွင်း ဆီမီးများမျောခြင်း၊ မီးရှူးမီးပန်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြမည်ဖြစ်ကြောင်း မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်းက ပြောသည်။

အဆိုပါ ကရဝိက်ရေပေါ်ရွှေလျှားဟိုတယ်မှာ သုံးထပ်ဖြစ်ပြီး အပေါ်ဆုံးထပ်တွင် မင်္ဂလာခန်းမပါဝင် ပြီး ကျန်အထပ်တွင် နိုင်ငံခြားဧည့်သည်များနှင့် ပြည်တွင်း ခရီးသွားများအတွက် တည်းခိုနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဗဟိုဦးစီးစည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

(၁၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဗဟိုဦးစီးအစည်းအဝေးကို ရန်ကုန်မြို့ Central ဟိုတယ်၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီ(ယနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ဗဟိုဦးစီးအစည်းအဝေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ ဗဟိုဦးစီးအဖွဲ့ဝင်များထံ ဖိတ်ကြားစာများပေးပို့ထားပြီးဖြစ်ရာ အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း ၀၁-၆၅၅၇၂၂၊ ၀၉-၇၃၀၀၁၂၂၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။ မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့သာယာမည်။




နိုင်ငံတကာသတင်း

# ကိုလံဘီယာ ဖတ်သူပုန် အကန့်အသတ်မရှိ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုစတင်

**ကိုလံဘီယာ ဒီဇင်ဘာ ၂၀**

ကိုလံဘီယာ ဖတ်သူပုန်များက တစ်ဖက်သတ်အပစ်အခတ်ရပ်စဲခြင်းကို အကန့်အသတ်မရှိ စတင်လိုက်သည်။

အဆိုပါသူပုန်အဖွဲ့က စနေနေ့မှ စတင်ကာ အချိန်အကန့်အသတ်မရှိ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲကြောင်း ဗုဒ္ဓဟူးနေ့က မမျှော်လင့်ဘဲ ကြေညာလိုက်သည်။

အဆိုပါ အပစ်အခတ်ရပ်စဲခြင်းကို ကုလသမဂ္ဂနှင့် အီးယူက ကြိုဆိုခဲ့သည်။ သို့သော်လည်း ကိုလံဘီယာအစိုးရက အပစ်အခတ်ရပ်စဲမှုကို သူပုန်များနှင့် မပူးပေါင်းနိုင်ကြောင်း ပြောဆိုခဲ့သည်။ အဆိုပါ အပစ်အခတ်ရပ်စဲမှုမတိုင်မီ နာရီပိုင်းအကြာ ဖက်သူပုန်အဖွဲ့၏ ချုံခိုတိုက်ခိုက်မှုတစ်ရပ်အတွင်း ကိုလံဘီယာတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ကြောင်း ကိုလံဘီယာတပ်ဖွဲ့က ပြောသည်။

ကိုလံဘီယာသူပုန်များသည် နိုင်ငံအနောက်ပိုင်း ကျေးလက်တောနယ်တစ်ခု၌ ကင်းလှည့်ခဲ့သည်။ နှစ်ဖက် အပစ်အခတ်ရပ်စဲခြင်းဖြင့် သူပုန်များ လူစုလက်နက်တပ်ဆင်မှုအချိန်ရရှိသွားနိုင်ကြောင်း သမ္မတ ဆန်တို့စ်က ပြောသည်။

ကိုလံဘီယာအစိုးရနှင့် ဖတ်သူပုန်အဖွဲ့သည် လွန်ခဲ့သည့် နှစ်နှစ်ကျော်ကတည်းက ကျူးဘားနိုင်ငံ ဟားဗားနားမြို့၌ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟုဆိုသည်။ ဖတ်သူပုန်အဖွဲ့က ကိုလံဘီယာ ဗိုလ်ချုပ်ကြီး ရူဘင်ဒါရီယိုအောဇာ တေးအား ပြန်ပေးဆွဲခဲ့ပြီးနောက် ဆွေးနွေးပွဲကို ရပ်ဆိုင်းထားရန် သမ္မတဆန်တို့စ်က ပြောကြားခဲ့သည်။

(ဘီဘီစီ)



# အစ္စရေးလေတပ် ဂါဇာကို လေကြောင်းမှ ဗုံးကြဲ

**ဂါဇာ ဒီဇင်ဘာ ၂၀**

အစ္စရေးလေတပ်က ဩဂုတ်လတွင် အပစ်အခတ်ရပ်စဲကြောင်း ကြေညာပြီးနောက် ပထမဆုံးအကြိမ် ဂါဇာကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုသည် ဂါဇာဘက်မှ စောစောပိုင်းတွင် ဒုံးကျည်တစ်လုံးဖြင့် ပစ်ခတ်လာမှုအပေါ် လက်တုံ့ပြန်သောအားဖြင့် ဟားမားစ်အဆောက်အအုံတစ်လုံးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသ ခမ်းယူနစ်ဒေသခံများက ပေါက်ကွဲသံကြီး နှစ်ခုကြားရကြောင်း ပြောကြားခဲ့ခြင်းအပေါ် အေပီသတင်းတစ်ရပ်၌ ဖော်ပြသည်။



လူပေါင်း ၂၂၀၀ ကျော် သေဆုံးသည့် သီတင်းပတ်ခုနစ်ပတ်ကြာ တိုက်ခိုက်မှုသည် ဩဂုတ်လတွင် အပစ်အခတ်ရပ်စဲခဲ့သည်။ ယင်း သေဆုံးသူများမှာ ပါလက်စတိုင်း ပြည်သူအများစု ဖြစ်သည်။ စနေနေ့က ဟားမားစ် အကြမ်းဖက်သမား တစ်ဦး၏ အဆောက်အအုံကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ယင်းတိုက်ခိုက်မှုသည် သောကြာနေ့က အစ္စရေးတောင်ပိုင်း အက်ခိုးလ်၌ ဒုံးကျည်တစ်လုံးကျရောက်ခဲ့ခြင်းကို လက်တုံ့ပြန်သောအားဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒုတိယဗိုလ်မှူးကြီး ပီတာလန်းနားက ပြောသည်။ ဗုံးကြဲတိုက်ခိုက်မှုသည် ကွင်းပြင်အတွင်း ကျရောက်ခဲ့ပြီး လူအများအား ထိခိုက်သေကြေ ပျက်စီးမှုမရှိခဲ့ဟု ဆိုသည်။

(ဘီဘီစီ)

# အာဖဂန်မှ လက်ကျန် ပြင်သစ်တပ်ဖွဲ့ဝင်များရုပ်သိမ်းမည်

**ပါရီ ဒီဇင်ဘာ ၂၀**

ပြင်သစ်အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၌ ၁၃ နှစ်ကြာ တရားဝင် စစ်ရေးမစ်ရှင်အဆုံးသတ်ကာ ၄င်းနိုင်ငံမှ လက်ကျန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

အာဖဂန်တပ်ဖွဲ့ဝင်များကို သင်တန်းပေးနေသည့် ပြင်သစ်တပ်ဖွဲ့ဝင် ၁၅၀ သည် ဒီဇင်ဘာ ၃၁ ရက်တွင် မြို့တော် ကဘူးလ်မှ ထွက်ခွာမည်ဖြစ်ကြောင်း၊ အမေရိကန် ဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေး အထောက်အကူတပ် (အိုင်အက်စ် အေအက်ဖ်)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြင်သစ်တပ်ဖွဲ့ဝင်များမစ်ရှင်သည် အဆုံးသတ်တော့မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့တွင် ကြေညာသည်။

ပြင်သစ်နိုင်ငံသည် အမေရိကန်၊ ဗြိတိန်၊ ဂျာမနီနှင့် အီတလီကဲ့သို့ အခြားသောနိုင်ငံများမှ တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အာဖဂန်သို့ တပ်ဖွဲ့ဝင် ၄၀၀၀ နီးပါး စေလွှတ်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ပြင်သစ်တပ်ဖွဲ့ဝင် ၈၉ ဦး သေဆုံးပြီး ၇၀၀ နီးပါး ဒဏ်ရာရခဲ့သည်။

ပြင်သစ်သည် ၂၀၁၂ ခုနှစ် အကုန်ပိုင်းက အာဖဂန်၌ တိုက်ခိုက်ရေးမစ်ရှင် အဆုံးသတ်ခဲ့သည်။ အမေရိကန် ဦးဆောင်သော ညွှန့်ပေါင်းတပ်များ အာဖဂန်မှမဆုတ်ခွာမီ နှစ်နှစ်ကပင် အဆုံးသတ်ခဲ့သည်။

နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၂၀၀၀ အနက် အမေရိကန်မှ အများဆုံးဖြစ်ပြီး ၂၀၁၅ အလွန်အထိ အာဖဂန်၌ ဆက်ရှိနေဦးမည်ဖြစ်သည်။

(ပရက်စ်တီဗွီ)



# ရုရှားတပ်မတော် ဆက်လက်အဆင့်မြှင့်တင်မည်

**မော်စကို ဒီဇင်ဘာ ၂၀**

မော်စကိုအနေဖြင့် အိမ်နီးချင်း ယူကရိန်းအကျပ်အတည်းအပေါ် အနောက်နိုင်ငံများနှင့် တင်းမာမှုများ အရှိန်မြင့်တက်လာချိန် နျူကလီးယား တပ်ဖွဲ့ အပါအဝင် စစ်ရေးအဆင့်မြှင့်တင်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတက ပြောကြားလိုက်သည်။

ရုရှားတပ်မတော်အနေဖြင့် တိုက်ချင်းပစ်ဒုံးပျံသစ် ၅၀ လက်ခံရရှိဖွယ်ရှိကြောင်း သမ္မတ ပူတင်က ကြေညာလိုက်သည်။ ရုရှားနိုင်ငံတွင် ငွေကြေးအခက်အခဲရှိသော်လည်း ခေတ်မီလက်နက်တပ်ဆင်ခြင်းကို ဆက်လက် ပြုလုပ်သွားမည်ဟု ဆိုသည်။ နျူကလီးယားတပ်ဖွဲ့သို့ တိုက်ချင်းပစ်ဒုံးပျံများ အဆင့်မြှင့်တင်မှုကို ဆက်လက်ပြုလုပ်သွားမည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

# ဆီးရီးယားအစိုးရကို တိုက်ခိုက်နေသော စစ်သွေးကြွများအား တူရကီက စစ်သင်တန်းပေးပြီး လက်နက်တပ်ဆင်ပေးမည်

**တူရကီ ဒီဇင်ဘာ ၂၀**

တူရကီနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် သဘောတူညီမှု အစိတ်အပိုင်းအဖြစ် မတ်လမှစတင်ကာ ဆီးရီးယား၌ တိုက်ခိုက်နေသော စစ်သွေးကြွများအား စတင် သင်တန်းပေးဖွယ်ရှိကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး မက်လွတ်ကာဗျူဆိုဂလူက ပြောကြားလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ ဆီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အတိုက်အခံတွေကို စစ်သင်တန်းပေးပြီး လက်နက်တပ်ဆင်ပေးဖို့ အမေရိကန်နဲ့ ညှိနှိုင်းသဘောတူထားပြီးဖြစ်ပါတယ်" ဟု ၄င်းက သောကြာနေ့တွင် ပြောသည်။

ဆီးရီးယားနှင့် အီရတ်တို့၌ အိုင်အက်စ်တို့အား အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့က တိုက်ခိုက်မှု အစိတ်အပိုင်းအဖြစ် တူရကီနိုင်ငံ အလယ်ပိုင်း ကာဆေးဟာရို အခြေစိုက်စခန်း၌ ဆီးရီးယားလွတ်မြောက်ရေးတပ်ဟုခေါ်သော စစ်သွေးကြွနှစ်ထောင်ကို လေ့ကျင့်သင်တန်းပေးပြီး လက်နက်တပ်ဆင်ပေးရန် အန်ကာရာနှင့်အတူ သဘောတူထားကြောင်း အောက်တိုဘာလအတွင်းက ဝါရှင်တန်က ပြောသည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွ ၃၀၀၀ ခန့်ကိုလည်း နိုင်ငံအချို့က စစ်သင်တန်းပေးဖွယ်ရှိကြောင်း တူရကီတာဝန်ရှိသူများက ပြောသည်။

(ပရက်စ်တီဗွီ)

# သေဆုံးသူကလေးများမိခင် လူသတ်မှုဖြင့်ဖမ်း

**ကွင်းစလန်း ဒီဇင်ဘာ ၂၀**

ဩစတြေးလျမြောက်ပိုင်း ကွင်းစလန်းပြည်နယ် ခယ်အိုင်းဒေသရှိ နေအိမ်တစ်လုံး၌ သေဆုံးခဲ့သော ကလေးရှစ်ဦးအနက် ခုနစ်ဦး၏ မိခင်ဖြစ်သူအား သံသယမှုဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

အဆိုပါ အမျိုးသမီးအား လူသတ်မှုသံသယဖြင့် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ အဆိုပါ အမျိုးသမီး၏အမည်ကို တရားဝင် ထုတ်ပြန်ခြင်းမရှိသော်လည်း အသက် ၃၇ နှစ်ရှိပြီဟု ဆိုသည်။ ဓား ဒဏ်ရာများဖြင့် ကလေးရှစ်ဦး၏ ရုပ်အလောင်းများကို မိခင်ဖြစ်သူ၏ နေအိမ်၌တွေ့ရှိခဲ့သည်။

သေဆုံးသူကလေးများမှာ အသက် ၁၈ လနှင့် ၁၄ နှစ်အရွယ်အတွင်း ဖြစ်ကြောင်း ရှစ်ဦးမြောက် ကလေးမှာ သူမ၏ တူမဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

သို့ရာတွင် ကလေးများသည် မည်သို့မည်ပုံ သေဆုံးခဲ့သည်ကို ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ရဲတပ်ဖွဲ့က ၄င်းအားဓားများနှင့်အတူ တွေ့ရှိခဲ့သည်။

(ဘီဘီစီ)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အနက်ပွားစကားလုံးများ(၂)

မောင်ခင်မင်(ဓနုဖြူ)

"အသုံးပြုတဲ့ အလုပ်ကိုလိုက်ပြီး အနက်ပွားလာတဲ့ စကားလုံးတစ်လုံး စဉ်းစားမိလို့ ပြောရဦးမယ်။ 'သံကြိုး'ဆိုတာ ဘာလဲသမီး"

"သံကွင်းတွေဆက်ထားတဲ့ ကြိုးမဟုတ်လားဘဘ။ သမီးတို့အိမ်မှာ ဘွားဘွားက သူ့သံသေတ္တာကြီးကို သံကြိုးနဲ့ချည်ပြီး သော့ခတ်ထားတာ သတိရတယ်။ သေတ္တာပျောက်မှာစိုးလို့တဲ့"

"အေးအေး. . . သံကြိုးနဲ့ချည်ထားတော့ စိတ်ချရတာပေါ့။ အိမ်ခြံဝင်း တံခါးလည်း သံကြိုးနဲ့ချည်ပြီး သော့ခတ်တာမျိုးလုပ်တတ်ကြတယ်။ ကိုက်တတ်တဲ့ခွေးကြီးတွေလည်း သံကြိုးနဲ့ချည်ထားရတာ တွေ့ဖူးတယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'သံကြိုး'ရဲ့ မူရင်းအနက်က သံနဲ့လုပ်ထားတဲ့ကြိုးပေါ့။ အင်း. . . ဘဘ ဖတ်ဖူးတဲ့ ဟာသဝတ္ထုတစ်ပုဒ်ကို သတိရတယ်။ အိမ်ရှင်အဒေါ်ကြီးက ရောက်လာတဲ့ ဧည့်သည်လူငယ်ကို 'မနက်က သံကြိုးရတယ်ကွဲ့' လို့ပြောတော့ အူကြောင်ကျားဧည့်သည်က 'ဘာချည်ဖို့လဲခင်ဗျာ' လို့ ပြန်မေးတယ်။ အဒေါ်ကြီးက 'အို. . . ကြေးနန်းရတာကိုပြောတာပါကွယ်။ မင်း ဒီနေ့ရောက်မယ်လို့ မင်းအဖေက အဒေါ့်ဆီကြေးနန်းရိုက်လိုက်တာပါ'လို့ ရှင်းပြတယ်"

"သြော်. . . သံကြိုးစာရတာကို ချည်စရာသံကြိုးရတယ်ဖြစ်ပြီး မေးတာပေါ့နော်"

"အေး. . . သံကြိုးဆိုတာ မူလက 'သံနဲ့လုပ်တဲ့ကြိုး'ကို ဆိုလိုတာပဲ" ဒါပေမယ့် ကြေးနန်းကြိုးနဲ့တစ်နေရာက တစ်နေရာကို ပို့တဲ့စာကို ကြေးနန်းစာလို့ခေါ်တယ်၊ သံကြိုးစာလို့လည်း ခေါ်တယ်။ ကြေးကြိုးကို သံကြိုးလို့ ခေါ်တာပါပဲ။ ဒီတော့ 'သံကြိုး'ဆိုတာ တစ်နေရာက တစ်နေရာကိုပို့တဲ့ စာလို့ အနက်ပွားထားတာပေါ့၊ ဒါကြောင့် ဝတ္ထုထဲမှာ 'သံကြိုးရတယ်'လို့ ပြောတာပေါ့ကွယ်"

"စိတ်ဝင်စားစရာပဲနော် ဘဘ"

"ပြီးတော့ ဥပစာတင်စားသုံးတဲ့အတွက်လည်း စကားလုံးတွေအနက်ပွားလာတယ်ကွဲ့။ ဥပစာအကြောင်း ဘဘတော်တော်ရေးပြီးပြီ။ သမီး ဖတ်ရမှာပေါ့"

"ဖတ်ရပါတယ် ဘဘ။ 'လျှာသွက်တယ်'တို့၊ 'ဖူလုံတယ်တို့' ပြီးတော့ 'ကျားလျှာတို့' 'ဆိတ်ချိုတို့' လည်းပါတယ်။ သမီးမှတ်ထားပါတယ်"

"အေး. . . အေး၊ ဥပစာကြောင့် အနက်ပွားတာတွေ အများကြီးပဲ၊ ဘဘအကျယ်မပြောတော့ဘူး။ အညာဘက်မှာ မြစ်တစ်ဖက်က တစ်ဖက်ကို 'ငှက်'နဲ့ကူးတာ သမီးသိသလား"

"ဟင် ဘာငှက်လဲ ဘဘ"

"သြော် ကူးတို့သမ္ဗန်နဲ့ကူးတာလို့ပြောတာပါ။ အဲဒီကူးတို့ပို့တဲ့ သမ္ဗန်ကို ငှက်လို့ ခေါ်တယ်ကွဲ့"

"သြော်. . . ငှက်နဲ့တူလို့ တင်စားခေါ်တာထင်တယ်နော် ဘဘ"

"အေးပေါ့ကွယ်။ ငှက်ကလေးနဲ့ တူလို့ပဲလား။ ငှက်ကလေးလို အသံမြည်လို့ပဲလားတော့ မသိပါဘူး။ ဆရာမြို့မငြိမ်းရဲ့ ရေချိုးဆိပ် 'သီချင်းမှာတော့' အိပွဲ့၊ အိပွဲ့၊ ငှက်သမ္ဗန် ခတ်သွားတယ်' လို့ရေးထားတာပဲကွဲ့"

"ငှက်သမ္ဗန်ကလေးရဲ့ အသံပေါ့နော်ဘဘ"

"အေးပေါ့၊ ဒီတော့ 'ငှက်' ဆိုတာ ငှက်သတ္တဝါဆိုတဲ့ အနက်ရော၊ ကူးတို့သမ္ဗန်ဆိုတဲ့ အနက်ရောရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ဘာသာခြားက မွေးစားယူထားတဲ့ စကားလုံးတွေကလည်း အနက်ပွားတတ်တယ်။ မြန်မာစကားမှာ ပါဠိတို့ သက္ကတတို့က ယူထားတဲ့ စကားလုံးတွေ အနက်တစ်မျိုးမှားနေတာရှိတယ်ကွဲ့"

"ပြောပြပါဘဘ"

"သိသာတဲ့စကားတစ်လုံးကတော့ 'ဂမ္ဘီရ' ပေါ့ကွယ်"

"ဘာအဓိပ္ပာယ်ပါလဲ ဘဘ"

"ဂမ္ဘီရဆိုတာ ပါဠိစကားပဲ။ 'နက်နဲခြင်း၊ လေးနက်ခြင်း' လို့ အဓိပ္ပာယ်ရတယ်။ နက်နဲတဲ့ ပညာတွေကို ဂမ္ဘီရပညာတွေလို့ ပြောနိုင်တယ်။ နက်နဲတဲ့ ဉာဏ်ကိုလည်း ဂမ္ဘီရဉာဏ်လို့ပြောနိုင်တယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"ခုအသုံးများနေတာက 'ဂမ္ဘီရ' ဆိုရင် လျှို့ဝှက်ဆန်းကြယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေတယ်။ သမီးသတိထားမိသလား"

"ဟုတ်ကဲ့၊ ဂမ္ဘီရမဂ္ဂဇင်းမှာတော့ ဘဘပြောတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အကြောင်းတွေ တော်တော်ပါပါတယ်"

"လျှို့လျှို့ဝှက်ဝှက်လုပ်တတ်တဲ့သူကို 'ဂမ္ဘီရဆန်တယ်'လို့ ပြောတာ ကြားဖူးတယ်။ မသိမသာအနက်ပွားလာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"နောက် 'ပြဿနာ' ဆိုတဲ့ စကားလုံး။ 'ပြဿနာ' က သက္ကတဘာသာက လာတာ။ မူလအဓိပ္ပာယ်က 'အမေးပုစ္ဆာ၊ မေးခြင်း'လို့ အဓိပ္ပာယ်ရတယ်။ ပါဠိစကားမှာ 'ပဉှာ' လို့သုံးတယ်။ ဥ ကလေးဟထိုးရေးချပေါ့။ 'အမေး'လို့ အဓိပ္ပာယ်ရတယ်။ 'မိလိန္ဒပဉှာ" ဆိုတာ ကြားဖူးတယ်မဟုတ်လား။ မိလိန္ဒမင်းကြီးကမေးပြီး ရှင်နာဂသိန်ဖြေတဲ့ အမေးအဖြေတွေရေးထားတဲ့ကျမ်းလေ"

"ဟုတ်ကဲ့ပါ"

"ခုတော့'ပြဿနာ' ဆိုတာ 'ဆွေးနွေးစရာအကြောင်းအရာ' လို့ ဆိုလိုတယ်လို့၊ အများနားလည်နေကြတယ်မဟုတ်လား။ 'ဒီပြဿနာကို ဘယ်လိုဖြေရှင်းကြမလဲ' ဆိုတာမျိုး သုံးနေကြတယ်လေ"

"အနက်ပွားလာတာပေါ့နော်ဘဘ"

"ဟုတ်တယ်။ နောက်တစ်လုံးက 'တက်ကျမ်း' ဆိုတဲ့ စကားလုံးပဲ။ ဘယ်လို

> **တချို့စကားလုံးတွေကျတော့ မူလအနက်ကကောင်းနေပြီး ပွားလာတဲ့အနက်က မကောင်းပေမယ့်လည်း အဲဒီမကောင်းတဲ့အနက်ကိုပဲ လက်ခံကြတယ်။**

ကျမ်းတွေပါလိမ့်။ သမီးသိသလား"

"တိုးတက်ရာတိုးတက်ကြောင်းတွေ လမ်းညွှန်တဲ့ကျမ်းမဟုတ်လား ဘဘ"

"အေး . . . သမီးတို့ခုသုံးနေတာ အဲဒီအဓိပ္ပာယ်နဲ့ သုံးတာဟုတ်ပါတယ်"

"ဆရာကြီး ပီမိုးနင်းရေးတဲ့ကျမ်းတွေကို 'တက်ကျမ်း'လို့ခေါ်တာ ကြားဖူးမလားမသိဘူး။ မူလတုန်းကတော့ ကျိုးကြောင်း ဆင်ခြင်မှုနဲ့ဆိုင်တဲ့ Logic လောဂျစ်ကျမ်းတွေကို တက်ကျမ်းလို့ခေါ်တာပဲ။ 'တက်' ဆိုတာ 'တက္က' ဆိုတဲ့ ပါဠိစကားကလာတာပေါ့။ 'တက္က'ဆိုတာ ကျိုးကြောင်းဆင်ခြင်တာ၊ ကြံစည်တာကို ဆိုလိုတာ။ အဲဒီကျမ်းတွေကို 'တက္က'က 'တက်'လို့ မြန်မာမှုပြုပြီး တက်ကျမ်းလို့ခေါ်ခဲ့ကြတာပဲ။ ခုကျတော့'တက်'ဆိုတာ 'ပေါ့တက်ခြင်း' ဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေပြီလေ"

"စိတ်ဝင်စားဖို့သိပ်ကောင်းပါတယ် ဘဘ၊ သမီးမှတ်ထားပါ့မယ်"

"အဲဒီအနက်ပွား စကားလုံးတွေရဲ့ အနက်တွေထဲက အသုံးများတဲ့ အနက်ကို အရင်ဆုံးသတိပြု မိတတ်တာ သဘာဝပဲကွဲ့၊ ဆိုပါတော့၊ 'ငှက်' လို့ပြောလိုက်ရင် ကောင်းကင်ပျံတဲ့ ငှက်ကိုပဲ အရင်ဆုံးသတိရတယ် မဟုတ်လား၊ ကူးတို့သမ္ဗန်ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ 'ငှက်' နဲ့ကူးမယ် ဆိုတာမျိုးပြောမှ သတိရမှာလေ"

"ဟုတ်ပါတယ် ဘဘ"

"အသုံးများတဲ့ အနက်ကိုပဲ အသိများတာဆိုတော့ အသုံးမများတဲ့ အနက်ကို မသိဘဲ ဖြစ်နေတတ်တယ်။ တစ်ခါက မိန်းကလေးတစ်ယောက် ပြောနေတဲ့ စကားကို ဘဘကြားလို့ ပြုံးမိတယ်။ သူက ဘာပြောသလဲဆိုတော့ 'လေးဆူဓာတ်ပုံ ရွှေတိဂုံ' ဆိုတာ လေးဆူကတော့ ဟုတ်ပါပြီ၊ ဓာတ်ပုံက ဘာဓာတ်ပုံပါလိမ့်တဲ့"

" ဘာဓာတ်ပုံလဲ ဘဘ"

" ဟော . . . သမီးလည်းမသိဘူးထင်တယ်။ လေးဆူဓာတ်ပုံဆိုတာက ပွင့်တော်မူပြီးတဲ့ ဘုရားရှင်လေးဆူရဲ့ ဓာတ်တော်မွေတော်တွေ စုဝေးနေတဲ့၊ စုပြီး ဌာပနာထားတဲ့ စေတီတော်ကြီး ဒီရွှေတိဂုံစေတီကို 'လေးဆူဓာတ်ပုံ' လို့ ခေါ်တာလေ။ အဲဒီမှာ 'ဓာတ်ပုံ' ဆိုတာက ဓာတ်တော်အစုအဝေးလို့ အဓိပ္ပာယ်ရတယ်။ သမီးတို့ အသိများတဲ့ 'ဓာတ်ပုံ' ဆိုတာက ကင်မရာနဲ့ ရိုက်ကူးတဲ့ ပုံကိုဆိုလိုတာလေ။ ဓာတ်ဆိုတာ 'ဓာတု' ဆိုတဲ့ ပါဠိစကားကလာတာ။ အရင်းခံကျတဲ့သဘောကို ဓာတ်လို့ခေါ်တာ။ ဒီတော့ ဘုရားရှင်ရဲ့ 'ဓာတ်တော်' တွေဟာလည်း အရင်းခံဓာတ်သဘောတွေပေါ့။ အသားတော်၊ အရိုးတော်၊ အသွေးတော်၊ ဆံတော်ဆိုတဲ့ အရင်းခံဓာတ်တွေပေါ့။ အဲ သိပ္ပံပညာအရ အရင်းခံကျတဲ့ သဘောတွေနဲ့ ဖန်တီးထားတဲ့ ဓာတ်ကြိုးတို့ ဓာတ်မီးတို့ ဓာတ်ခဲတို့ ဓာတ်ပုံတို့ ဓာတ်မှန်တို့ ဓာတ်လှေကားတို့မှာပါတဲ့ ဓာတ်တွေလို့လည်း အနက်ပွားနေတာတွေလေ။ ဒီတော့ 'ဓာတ်ပုံ'ဆိုတဲ့စကားဟာ ဓာတ်တော်အစုအပုံလို့ အဓိပ္ပာယ်ရသလို ဓာတ်နဲ့ရိုက်တဲ့ပုံလို့လည်း အဓိပ္ပာယ်ရတာပေါ့။ ဒါပေမယ့် ကင်မရာနဲ့ ရိုက်တဲ့ဓာတ်ပုံကိုပဲ အသိများတာဆိုတော့၊ 'လေးဆူဓာတ်ပုံ' ဆိုတာ ဓာတ်ပုံရိုက်ထားတဲ့ ဘုရားလေးဆူရဲ့ ပုံတွေလို့ ထင်မှာပေါ့ကွယ်"

"ရှင်းပါပြီ ဘဘ"

"တချို့စကားလုံးတွေကျတော့ မူလအနက်ကကောင်းနေပြီးပွားလာတဲ့ အနက်က မကောင်းပေမယ့်လည်း အဲဒီမကောင်းတဲ့ အနက်ကိုပဲ လက်ခံကြတယ်။ ကောင်းတဲ့အနက်နဲ့ ပြန်သုံးလို့မရတော့တာတွေရှိတယ်ကွဲ့"

"ဘယ်လိုအနက်ပါလဲ ဘဘ"

"ပထမအိမ်ထောင်ကွယ်လွန်လို့ နောက်အိမ်ထောင်သစ်ထူတာကို ရှေးတုန်းက 'လင်ငယ်နေ' 'မယားငယ်နေ'လို့ သုံးတယ်ကွဲ့။ ညောင်ရမ်းခေတ်မှာရေးတဲ့ 'မဟာရာဇသတ်ကြီး'မှာ 'လင်သေ၍ မယားလင်ငယ်နေသည်၊ မယားသေ၍ လင်မယားငယ်နေသည်' လို့ရေးတယ်။ ခုကျတော့ အဲဒီစကားတွေရဲ့အနက်ဟာ မကောင်းတော့ဘူးလေ၊ လင်ကြီးမယားကြီး အသက်ထင်ရှားရှိလျက်နဲ့ ဖောက်ပြန်ပြီး အငယ်အနှောင်းယူ တယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေပြီ။ အဲဒီလို အနက်ပွားနေပြီး။ ဒါပေမယ့် အဲဒီအနက်ကပဲ အများလက်ခံနေကြပြီမို့ ရှေးကသုံးတဲ့ ကောင်းတဲ့အနက်နဲ့ ပြန်သုံးရင်ဘယ်သူမှ လက်ခံမှာ မဟုတ်တော့ဘူးလေ။ ကဲ အနက်ပွား စကားလုံးအကြောင်း ဒီလောက်ဆိုတော်လောက်ပါပြီ။

---

● ကျောဖုံးမှ

ရောက်ရှိသည်အထိ ကွေကာကကူညီပံ့ပိုးပေးနိုင်ပြီးမွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အီသီရိုးပီးယားနှင့် နီပေါနိုင်ငံတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အများဆုံးဆောင်ရွက်ထားသည့် အဖွဲ့အစည်းဖြစ်သည်။

"ကွေကာရဲ့ ကူညီထောက်ပံ့မှုတွေက အာရှမှာ ၄၇ ရာခိုင်နှုန်း၊ အာဖရိကမှာ ၂၀ ရာခိုင်နှုန်းနဲ့ အခြားနေရာတွေမှာ ၃၂ ရာခိုင်နှုန်းရှိပါတယ်။ အာဆီယံနိုင်ငံတွေမှာ ကမ္ဘောဒီယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတို့မှာ ၂၀၁၃ ခုနှစ်အထိ အများဆုံး ကူညီထောက်ပံ့ခြင်းတွေဆောင်ရွက်ခဲ့တယ်။ ယခုနှစ်ကနေစပြီး လာအိုနဲ့မြန်မာကို အရေးပေါ်ကူညီပေးသင့်တဲ့ နိုင်ငံတွေအဖြစ် သတ်မှတ်ပြီး စတင်ဆောင်ရွက်နေပါတယ်"ဟု အာဆီယံ-ကွေကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အရှေ့တောင်အာရှ အဖွဲ့ခေါင်းဆောင် မစ္စကင်ဂျီယွန်းက ပြောကြားသည်။

ထို့အပြင် ကွေကာအကြီးအကဲက မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း ကွေကာနှင့် အများဆုံး လက်တွဲလုပ်ဆောင်မည့် နိုင်ငံတစ်ခုဖြစ်လာရန် ရည်ရွယ်ထားပြီး မြန်မာနိုင်ငံအတွင်းကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ မြှင့်တင်ရန်၊ စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ မြှင့်မားရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်



ကွိုက်ကာအကြီးအကဲ ယောင်မိုကင်းမ်ပြောကြားစဉ်။

ဆောင်ရွက်သွားမည် ဖြစ်သည်ဟု မြန်မာမီဒီယာအဖွဲ့အား ပြန်လည်ဖြေကြားသည်။

"လက်ရှိမှာ စံပြကျေးရွာတစ်ရာ စီမံချက်အပြင် လူငယ်တွေအတွက် ကျွမ်းကျင်မှုသင်တန်းတွေ ဖွင့်လှစ်ပေးသွားမယ်။ စိုက်ပျိုးရေးအတွက်လည်း နည်းစနစ်အပြင် စက်မှုလယ်ယာသုံးပစ္စည်းတွေ ကူညီထောက်ပံ့ဖို့လည်းရှိပါတယ်။ ကျန်းမာရေးမှာ ကာကွယ်ဆေးထိုးနှံခြင်းနဲ့ ကူးစက်ရောဂါများ အန္တရာယ်ကတားဆီးရေးအတွက် ဆောင်ရွက်နေပါတယ်။ အခြေခံအဆောက်အအုံပိုင်းမှာလည်း အာဆီယံပေါင်းကူးလမ်းမကြီးတွေမှာ ချိတ်ဆက်နိုင်ဖို့အတွက် ကူညီပေးနေပါတယ်။ ကွေကာအနေနဲ့ ၂၀၁၄ခုနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၅၄၁ သန်းအထိ ကူညီထောက်ပံ့မှုတွေ လုပ်နေပါတယ်။ ၂၀၁၆ခုနှစ်မှာ ကျေးရွာ ၁၀၀ စီမံကိန်းအပြင် အခြားလုပ်ငန်းတွေကိုလည်း မြန်မာနိုင်ငံအတွက် တိုးတက်လုပ်ဆောင်သွားပါမယ်"ဟု အရှေ့တောင်အာရှအဖွဲ့ ခေါင်းဆောင် မစ္စကင်ဂျီယွန်းက ပြောကြားသည်။

ကျေးရွာ ၁၀၀ စီမံကိန်း ဆောင်ရွက်နေစဉ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ စွမ်းအင်ကဏ္ဍနှင့် လူ့အခွင့်အရေးကဏ္ဍ၊ သောက်သုံးရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကို ကွေကာက မြန်မာအစိုးရနှင့် တာဝန်ရှိသူများထံ တင်ပြကာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး သုံးစွဲမည့် ရန်ပုံငွေပမာဏကို ထပ်မံအသိပေးထုတ်ပြန်သွားမည် ဖြစ်ကြောင်း မြန်မာ့အလင်းသတင်းစာ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

ကွေကာ အဖွဲ့အစည်းတွင် ဝန်ထမ်းအင်အား ၂၈၁ဦး ပါဝင်ပြီး အဖွဲ့ခွဲပေါင်း ၂၈ဖွဲ့၊ ရုံးခွဲပေါင်းရှစ်ခုနှင့် အဖွဲ့ခွဲငယ်ပေါင်း ၁၀ခုတို့ကို ကူညီထောက်ပံ့သည့် ဒေသများ၌ ဖွင့်လှစ်ထားပြီး ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက အဓိက ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

---



## တပ်ကုန်းမြို့နယ်၌ကွင်းဝန်ထမ်းများအား နှမ်းစပါး ပုလဲသွယ် GAP တာဝန်ပေးအပ်

**တပ်ကုန်း ဒီဇင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် နှမ်းစပါး၊ ပုလဲသွယ် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကို ကွင်းဝန်ထမ်းများအား တာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၇ နာရီခွဲက တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦးကြိုင်၊ ဒုတိယတိုင်းဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် နှမ်းစပါး၊ ပုလဲသွယ်သိပ္ပံ နည်းကျစိုက်ပျိုးနည်းစနစ် ကွင်းဝန်ထမ်းများကို တာဝန်ပေးအပ်ခဲ့သည်။ ဆက်လက်၍ တပ်ကုန်းမြို့နယ် ကွင်းဝန်ထမ်းများကို တာဝန်ပေးအပ်လွှာနှင့် ကွင်းဆင်းဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

ပြည်တွင်းသတင်း

# အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းသည် လက်တွေ့ကျသောနှုန်းထားဖြစ်ဖို့လို

**ရန်ကုန် ဒီဇင်ဘာ ၂၀**

အလုပ်သမားထုအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းကို သက်ဆိုင်ရာအလုပ်ရှင်နှင့် အလုပ်သမားများ သဘောတူညီချက်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ၎င်းတို့ သဘောတူညီသည့်ပမာဏကို နိုင်ငံတော်အစိုးရက စိစစ်အတည်ပြုပေးရန်သာဖြစ်ကြောင်း၊ သို့ရာတွင် ယခုအချိန်အထိ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဖြစ်သော်လည်း အလုပ်သမားနှင့် အလုပ်ရှင်များကြားတွင် သဘောတူညီချက်မရရှိနိုင်သေးသည့်အတွက် နိုင်ငံတော်အစိုးရက ကြားဝင်ပြီးဆောင်ရွက်ပေးနေရသည့် နေရာတွင် အထောက်အကူပြုနိုင်ရန် အခြေခံအချက်အလက်များရှိရန်လိုကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ လုပ်သားများ ကျွမ်းကျင်မှုသင်တန်းကျောင်း ပင်လုံခန်းမ၌ ယနေ့ကျင်းပသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်သမားများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။ **(အပေါ်ယာပုံ)**



သတ်မှတ်ပေးမည့် နှုန်းထားသည် အလုပ်ရှင်ရော အလုပ်သမားအတွက်ပါ အဆင်ပြေနိုင်မည့် လက်တွေ့ကျသည့် နှုန်းထားဖြစ်ဖို့လိုသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အထိဆင်းပြီး အချက်အလက်များ ကောက်ယူနေရခြင်းဖြစ်၍ အချိန်ဆွဲဆောင်ရွက်နေသည်ဟု မမြင်မိကြဖို့လည်းလိုကြောင်း၊ သတ်မှတ်ထားသည့် လုပ်ငန်းစဉ်အဆင့်အလိုက် စနစ်တကျဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရေးကိစ္စသည် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပြီး အမှန်တကယ် အကောင်အထည်ဖော်ရာမှာလည်း အသေးစိတ်ဆောင်ရွက်ရမည့်အခြေအနေများ၊ အခက်အခဲများလည်း ရှိမှာဖြစ်၍ သတ်မှတ်ပေးလိုက်သည့် နှုန်းထားသည် အလုပ်သမားရော အလုပ်ရှင်အတွက်ပါ Win- Win Situation ရနိုင်မည့် နှုန်းထားမျိုးဖြစ်ဖို့လိုပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးနိုင်ရေးကိစ္စသည် Sensitive ဖြစ်သည့်ကိစ္စဖြစ်၍ အလုပ်သမားများ၏ ရေရှည်အကျိုးစီးပွားအတွက် အဘက်ဘက်က လွှမ်းခြုံစဉ်းစားပြီး စိတ်ရှည်ရှည်ဖြင့် လက်ရှိအနေအထားအရ ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်အားလုံးကို စိစစ်ထည့်သွင်းပြီး မြန်မာအလုပ်သမားများအတွက် အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံးနှင့် တတ်နိုင်သမျှအကောင်းဆုံးဖြစ်မည့်နည်းလမ်းများကိုပွင့်ပွင့်လင်းလင်းအကြံပြုဆွေးနွေးပေးကြရန်လည်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အလုပ်သမားအဖွဲ့အစည်းအသီးသီးက အလုပ်သမားများအတွက်သာမက အလုပ်ရှင်များအတွက်ပါ သင့်တင့်မျှတသော အနည်းဆုံး အခကြေးငွေနှုန်းထားတစ်ရပ်ကို အဆိုပြုနိုင်ရေး၊ အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ရာတွင် မည်သည့်ခေါင်းစဉ်မျှမပါရှိဘဲ တစ်နေ့အလုပ်ချိန် ၈ နာရီအတွက် လုပ်ခသက်သက်ကိုသာ သတ်မှတ်ရန် သဘောတူ၊ မတူနှင့် အနည်းဆုံးအခကြေးငွေနှုန်းထားကို ဒေသအလိုက် သို့မဟုတ် လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်နိုင်ရေးတို့အတွက် အဖွဲ့လိုက် သီးခြားဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲရလဒ်များကို ပြန်လည်သုံးသပ်ဆွေးနွေး ကြသည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် ILO ၊ ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ MMRD မှ တာဝန်ရှိသူများ၊ ယာယီမြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် MTUF မှဦးအောင်လင်း၊ ဦးနော်အောင်နှင့် ကိုယ်စားလှယ်များ၊ ယာယီတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးသမဂ္ဂများအဖွဲ့ချုပ်မှ ဒေါ်သန်းသန်းဌေး၊ ဦးဇာနည်သွေးနှင့် ကိုယ်စားလှယ်များ၊ ယာယီမြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် CTUM မှ ဦးသန်းဆွေ၊ ဒေါ်ဖြိုးသန္တာစိုး၊ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အလုပ်သမားကိုယ်စားလှယ် စုစုပေါင်း ၁၀၀ တို့ တက်ရောက်ခဲ့သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရသုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုများကို တိုင်းဒေသကြီး/ပြည်နယ်များအတွင်း(၂၆) ကြိမ်ကျင်းပခဲ့ပြီး အမျိုးသားကော်မတီအဆင့် ညှိနှိုင်းအစည်းအဝေးများကိုလည်း ငါးကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်သည်။ **(မြန်မာ့အလင်း)**

---

*❊ ကျောဖုံးမှ*

လမ်းကြောင်းပေါ်မှာ လျှပ်စစ်ရထားပြေးဆွဲလုပ်ဆောင်ဖို့ ရည်ရွယ်ချက်ရှိထားပါတယ်။ အင်းစိန်ခုံးကျော်တံတားဟောင်းကလည်း အမြင့် ၁၅ ပေဆိုတော့ အဲဒီအပေါ်မှာ လျှပ်စစ်တိုင်ထောင်လို့မရပါဘူး။ ဒါကြောင့် လက်ရှိတည်ဆောက်မယ့် တံတားအသစ်ကို ကင်းလွတ်အမြင့် ၁၉ ပေ ၄ လက်မလုပ်ဆောင်ထားတယ်ဆိုတာ လျှပ်စစ်ရထား ပြေးဆွဲမယ်ဆိုပြေးဆွဲနိုင်အောင်လို့ပါ။ ဟိုဘက်တံတားဟောင်းကလည်း ယာဉ်သွားဖို့ သက်သက်အတွက်ဆိုရင်ဖျက်ဖို့မလိုပါဘူး။ အကယ်၍ အဲ့ဒီလမ်းကြောင်းပေါ်မှာ လျှပ်စစ်ရထားပြေးဆွဲမယ်ဆိုရင်တော့ ပြန်ဖျက်ရလိမ့်မယ်လေ။ လျှပ်စစ်ရထားကခုစပြီးတော့ ပဏာမတိုင်းတာမှု၊ တွက်ချက်မှုတွေလုပ်နေပါပြီ။ အဲ့တော့ ဒီလမ်းကြောင်းပေါ်မှာ လုပ်တာထက် ကမ်းနားလမ်းပိုင်းမှ စတင်လုပ်ဖြစ်မှာပါ။ ဒီဇင်ဘာ ပထမပတ်က ပြေးဆွဲပေးလိုက်တဲ့ RBE ရထားနှစ်စင်းနေရာမှာ လျှပ်စစ်ရထားတွေစပြီး ဝင်ပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။

ရန်ကုန်မြို့ ကမ်းနားလမ်းပိုင်းတွင်လည်း အနှောင့်အယှက်ဖြစ်စေနိုင်သည့် တံတားများမရှိကြောင်း၊ အဆိုပါနေရာ၌ လျှပ်စစ်အပိုင်းအား introduce လုပ်နေပြီဖြစ်ကြောင်း၊ ထို့အပြင် လျှပ်စစ်အပိုင်းအား introduce လုပ်ပြီးသည်နှင့် တစ်ပြိုင်တည်းတွင် လျှပ်စစ်ရထားပြေးဆွဲခြင်းအစီအစဉ်ကို တဖြည်းဖြည်းလုပ်ငန်းချဲ့ထွင်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

---

# စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၉၀)ပြည့် နဝရတ်ရတုအထိမ်းအမှတ်ပွဲ အကြိုလှုပ်ရှားမှုများ

**တွေ့ဆုံမေးမြန်း-ဌူလိုင်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-ဇင်ဦး(မြန်မာ့အလင်း)**

နေပြည်တော် ဒီဇင်ဘာ ၂၀

**စိုက်ပျိုးရေးပညာရှင် အမြောက်အမြားကို မွေးထုတ်ပေးနိုင်ခဲ့သည့် စိုက်ပျိုးရေးတက္ကသိုလ်ကြီးသည် ယခုလာမည့် ဒီဇင်ဘာ ၂၂ ရက်တွင် နှစ်(၉၀) ပြည့်မြောက်တော့မည်ဖြစ်သည်။ စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၉၀)ပြည့်အခမ်းအနားများကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိနေသည်။**



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်

စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၉၀) ပြည့်အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ရာ ၎င်းအခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၃ ရက်မှ ၂၄ ရက်တွင် စိုက်ပျိုးရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ လည်းကောင်း၊ ၂၇ ရက်တွင် နှစ်(၉၀)ပြည့် နဝရတ်ရတုအထိမ်းအမှတ် အခမ်းအနား၊ ကွယ်လွန်သွားသော ဆရာကြီး၊ ဆရာမကြီးများကို ရည်စူး၍ ဆွမ်းကပ်ခြင်းကို နံနက် ၆ နာရီမှ ၁၀ နာရီခွဲအထိလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဆင်းစိုက်ပျိုးရေးကျောင်းသားများ၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဘတ်စကက်ဘောပြိုင်ပွဲများကိုလည်းကောင်း၊ ညနေ ၆ နာရီတွင် နာမည်ကြီးအဆိုတော်များနှင့် တေးဂီတစင်တင်ဖျော်ဖြေပွဲကိုလည်းကောင်း၊ ၂၈ ရက် နံနက် ၈ နာရီတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၆)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကိုလည်းကောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ပြခန်းများ၊ စိုက်ပျိုးရေးတက္ကသိုလ်၏ သမိုင်းကြောင်းလှုပ်ရှားမှုပုံရိပ်များ၊ စာပေနှင့်ပတ်သက်သည့် ပြခန်းများကိုလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**နဝရတ်ရတု အခမ်းအနား**

"ဆရာကြီးတို့အနေနဲ့စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၉၀)ပြည့် နဝရတ်ရတုအထိမ်းအမှတ် အခမ်းအနားကို သိုက်သိုက်မြိုက်မြိုက်ခမ်းခမ်းနားနား ကျင်းပသွားနိုင်ဖို့ အစွမ်းကုန်ကြိုးစားနေကြပါတယ်။ ဌာနအသီးသီးက ဆရာဆရာမများကလည်း သူ့တာဝန်နှင့်သူ တက်ညီလက်ညီနဲ့ ဆောင်ရွက်နေကြပါတယ်။ ဒီပွဲကို နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်ထောင်စုဝန်ကြီးကပါ တက်ရောက်ချီးမြှင့်အားပေးမှာဖြစ်ပါတယ်။ ဆရာတို့ဘက်ကလည်း အတတ်နိုင်ဆုံး ဟာကွက်မရှိအောင်၊ အခမ်းအနားဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

**နှစ်ပတ်လည်မဂ္ဂဇင်း**

"စိုက်ပျိုးရေးတက္ကသိုလ်နှစ်(၉၀) အတွင်းဘွဲ့ရသွားတဲ့ ကျောင်းသားဟောင်းတွေ၊ ဆရာကြီး ဆရာမကြီးတွေရဲ့ စာမူတွေကို ဖိတ်ခေါ်ထားပါတယ်။ အဲဒီစာမူတွေကို အခုနှစ်ပတ်လည်မဂ္ဂဇင်းမှာ သုံးဖို့ပဲဖြစ်ပါတယ်။ မဂ္ဂဇင်းကဏ္ဍအနေနဲ့ကတော့ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဆောင်းပါး (အင်္ဂလိပ်/မြန်မာ)၊ ဘာသာပြန် (ကဗျာ/ဆောင်းပါး)၊ စာညွှန့်ဘာသာပြန်(ဝတ္ထုတို၊ ဝတ္ထုရှည်)စတဲ့ ကဏ္ဍတွေပါဝင်ပါတယ်။ စာအုပ်အရေအတွက်ကတော့ ၂၀၀၀ လောက်ပဲ ထုတ်မှာပါ။ မဂ္ဂဇင်းစာအုပ်ကောင်းတစ်အုပ်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီထဲမှာ အတွေ့အကြုံရှိတဲ့ ဆရာကြီး ဆရာမကြီးတွေရဲ့ စာမူတွေပါတယ်။ ဆရာမတို့အနေနဲ့ မြန်မာစာဌာနမှ ဆရာဆရာမတွေ၊ စာပေဝါဒနာရှင်တွေနဲ့ ဝိုင်းဝန်းပြီးတော့ အကောင်းဆုံး ကြိုးစားထားပါတယ်"ဟု သင်တန်းရေးရာဌာန ပါမောက္ခဌာနမှူး ဒေါက်တာတင်တင်အေးက ပြောသည်။

**အမှတ်တရပစ္စည်းများ**

"ဆရာမတို့ အနေနဲ့ကတော့ နှစ်(၉၀)ပြည့် အထိမ်းအမှတ်အနေနဲ့ တက္ကသိုလ်ရဲ့ နှစ် (၉၀) ပြည့် Logo ပြက္ခဒိန်၊ ဦးထုပ်၊ အမှတ်တရအင်္ကျီတွေကို ထုတ်လုပ်ရောင်းချသွားမှာဖြစ်ပါတယ်။ ဒါကလည်း ကျောင်းရဲ့ ရန်ပုံငွေအဖြစ် ပြန်လည်အသုံးပြုဖို့ပဲဖြစ်ပါတယ်။ ပစ္စည်းအရေအတွက်ကတော့ တစ်မျိုးကို ၅၀၀ နဲ့ ၁၀၀၀ ကြားလောက်ပဲ ထုတ်လုပ်မှာပါ။ ဒီပွဲကို လုပ်ရတာအလွန်ကို ဝမ်းသာပီတိဖြစ်မိပါတယ်။ အားလုံးတက်ညီလက်ညီ စည်းစည်းလုံးလုံးလုပ်သွားမယ်ဆိုရင် ဒီပွဲကြီးက အောင်မြင်စွာနဲ့ ပျော်ပျော်ရွှင်ရွှင် ကျင်းပသွားနိုင်မှာပါ" ဟု စိုက်ပျိုးရေးစီးပွားပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာချိုချိုစံက ပြောသည်။



ကိမိလနှင့်သတ္တဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာသီတာဦး

**မှတ်တမ်းစာအုပ်**

"ဒီနှစ်ပတ်လည်အတွက် မှတ်တမ်းစာအုပ်အနေနဲ့ မနှစ်က(၁၅) ကြိမ်မြောက် အငြိမ်းစားဆရာကြီးဆရာမကြီးတွေရဲ့ ကန်တော့ပွဲတုန်းက လုပ်ခဲ့တဲ့ မှတ်တမ်းစာအုပ်ရယ်၊ နှစ်(၉၀) နဝရတ်ရတုအထိမ်းအမှတ်စာအုပ်ရယ်နှစ်အုပ် ထုတ်ဝေဖြန့်ဖြူးသွားမှာပါ။ အုပ်ရေအနေနဲ့ကတော့ ၂၀၀၀ ခန့် ထုတ်ထားပါတယ်။ စာအုပ်မှာပါတဲ့အပိုင်းတွေကတော့ နိုင်ငံတော်သမ္မတကြီးရဲ့ ဩဝါဒ၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဩဝါဒတို့ပါဝင်ပါတယ်။ အမှာစာအပိုင်းမှာတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနဲ့ ဦးခင်ဇော်၊ ရေဆင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်တို့ ပါဝင်ပါတယ်။ စိုက်ပျိုးရေးတက္ကသိုလ်ရဲ့ သမိုင်းကြောင်းကိုလည်း ထည့်ထားပါတယ်။ ပြည်ထောင်စုဝန်ကြီးက လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်အောင်ဆိုပြီး အများသိရမယ့် လမ်း



စီးပွားရေးဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ချိုချိုစံ

ညွှန်ချက်တွေ၊ ပညာပေးတဲ့ သီအိုရီတွေကို ထည့်ပေးထားပါတယ်။ ဝန်ကြီးကလည်း ဒီနှစ် ၉၀ ပြည့်အခမ်းအနားအတွက် သိန်း ၉၀ လှူဒါန်းထားပါတယ်" ဟု ကိမိလနှင့် သတ္တဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာသီတာဦး ကပြောသည်။

**အာစရိယပူဇော်ပွဲ**

"စိုက်ပျိုးရေးတက္ကသိုလ် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများရဲ့ အာစရိယ ပူဇော်ပွဲအတွက် အသက် ၇၅ နှစ်အထက် ၂၄ ဦးကို ငွေကျပ် ၂၀၀၀၀၀ နှုန်း၊ ၇၅ နှင့် ၇၀ အကြား ၂၇ ဦးကို ငွေကျပ် ၁၅၀၀၀၀၊ ၇၀ အောက် ၅၈ ဦးကို ၁၀၀၀၀၀ နှုန်းနှင့် အားလုံး ၁၀၉ ဦးကို လက်ဆောင်ပစ္စည်းများနှင့်အတူ ပူဇော်ကန်တော့သွားမှာဖြစ်ပါတယ်။ အခုလက်ရှိပွဲကို လာတက်မယ့်ဦးရေကတော့ ၈၆ ဦး ရှိပါတယ်" ဟု လယ်ယာသီးနှံစိုက်ပျိုးရေးပညာဌာန ပါမောက္ခဒေါက်တာ ကျော်ကျော်ဝင်းက ပြောသည်။

**ဖျော်ဖြေပွဲ**

"ဖျော်ဖြေရေးအနေနဲ့ကတော့ နိုင်ငံကျော်အဆိုတော်များဖြစ်ကြတဲ့ ဘိုဖြူ၊ စိုးပိုင်၊ ဂျေညီညီ၊ ဇော်ပိုင်၊ အေသင်ချိုဆွေ၊ အိပ်မက်ဆုံရာနဲ့ မယ်လိုဒီဝေါက ခြောက်ဦးတို့ ပါဝင်



သင်တန်းရေးရာဌာန ပါမောက္ခဌာနမှူး ဒေါက်တာတင်တင်အေး

သီဆိုဖျော်ဖြေမှာပါ။ နောက်ထပ် လွှမ်းပိုင်၊ ဘန်နီဖြိုးနဲ့ ပိုပိုတို့ကိုလည်းငှားဖို့ စုံစမ်းနေပါတယ်။ တီးဝိုင်းအနေကတော့ Ocean Band တီးဝိုင်းနဲ့တွဲဖက်ဖျော်ဖြေမှာပါ။ ပြီးတော့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသားကျောင်းသူတွေကလည်း ကျောင်းသီချင်းငါးပုဒ်နဲ့ ဖျော်ဖြေပေးဦးမှာပါ။ ဒီဇင်ဘာ ၂၇ ရက် ည ၆ နာရီကစပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဘေး အဓိပတိရင်ပြင်မှာ ကျင်းပသွားမှာပါ။ စိတ်ပါဝင်စားတဲ့ ဝါသနာရှင် အားလုံးလာရောက်ကြည့်ရှုအားပေးလို့လည်းရပါတယ်"ဟု ကိမိလနှင့် သတ္တဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာခင်မိမိက ပြောသည်။

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတဦးသိန်းစိန် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီး သီးသန့်အစည်းအဝေးတက်ရောက်




**ဗန်ကောက် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရှန်ဂရီလာ ဟိုတယ်၌ ကျင်းပသည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးသီးသန့် အစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**

ထိပ်သီးသီးသန့် အစည်းအဝေးသို့ နိုင်ငံတော်သမ္မတနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Takehiko Nakao နှင့် မဟာမဲခေါင်ခွဲနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးသီးသန့်အစည်းအဝေးတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Takehiko Nakoa က မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ အောင်မြင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က သီးသန့်အစည်းအဝေးတွင် ဆွေးနွေးမည့် ခေါင်းစဉ်နှစ်ခုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများက ဆွေးနွေးကြသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့က ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ထိုင်းနိုင်ငံဝန်ကြီးချုပ်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

# မဟာမဲခေါင်ဒေသနိုင်ငံခွဲများ လာမည့်ဆယ်စုနှစ်အတွင်း ဆောင်ရွက်သင့်သည့်အချက်များအဆိုပြု




**ဗန်ကောက် ဒီဇင်ဘာ ၂၀**

ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုထိပ်သီးသီးသန့်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က မဟာမဲခေါင်ဒေသခွဲနိုင်ငံများအနေဖြင့် လာမည့်ဆယ်စုနှစ်အတွင်း ဆောင်ရွက်သင့်သည့် အချက်ခုနစ်ချက်ကို အောက်ပါအတိုင်း အဆိုပြုခဲ့သည်။

ယင်းတို့မှာ နယ်စပ်ဒေသ အထူးစီးပွားရေးဇုန် Special Border Economic Zone (SBEZ)များကို စီးပွားရေး စင်္ကြံလမ်းများတွင် ထူထောင်ရန်၊ ဒေသတွင်းကုန်းလမ်းနှင့် ရေလမ်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ တိုးမြှင့်တည်ဆောက်ရန်၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရာတွင် လုပ်ထုံးလုပ်နည်းများ ပိုမိုလွယ်ကူ ရှင်းလင်းအောင် ဆောင်ရွက်ရန်၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို တိုးမြှင့်ရန်နှင့်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော အရင်းအမြစ်များကို ဖော်ထုတ် စုစည်းအသုံးချရန်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ပိုမိုကူညီရန်၊ ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်သည်။

**(သတင်းစဉ်)**

# ဂျပန်-မြန်မာ သံတမန်တည်ထောင်မှု နှစ်(၆၀)ပြည့်အထိမ်းအမှတ် သွေးဝတ္ထုဇာတ်လမ်းတွဲ ထုတ်လွှင့်မည်

**သတင်းဆောင်းပါး**
**တင်မောင်လွင် (မြန်မာ့အလင်း)**

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဂျပန်-မြန်မာ နှစ်နိုင်ငံ သံတမန်တည်ဆောက်မှုသည် ယခုနှစ်ဆိုလျှင် နှစ်ပေါင်း (၆၀) ပြည့်ပြီဖြစ်သည်။ ဂျပန်-မြန်မာသံတမန်ဆက်သွယ်မှု နှစ် (၆၀) ပြည့်အထိမ်းအမှတ်အဖြစ် NHK World Radio Japan မြန်မာပိုင်း အစီအစဉ်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ မြန်မာ့အသံတို့ ပူးပေါင်းပြီး စာရေးဆရာမ ဂျာနယ်ကျော်မမလေး၏ ဂန္ထဝင်မြောက် သွေးဝတ္ထုကို ရေဒီယိုဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးပုံဖော်ပြီး ပြည်သူများ လေလှိုင်းကြားမှ နားသောတဆင် ခံစားနိုင်ရန် ဒီဇင်ဘာ ၂၂ ရက်မှ စတင်ထုတ်လွှင့် တင်ဆက်ပေးတော့မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သိရသည်။

မြန်မာ-ဂျပန် သံတမန် နှစ်(၆၀) ပြည့် အထိမ်းအမှတ်အဖြစ် တင်ဆက်ပေးမည့် သွေးဝတ္ထုဇာတ်လမ်းတွဲနှင့် ပတ်သက်၍ အသံသရုပ်ဆောင်နှင့် စီစဉ်ကြီးကြပ်သူတစ်ဦးအဖြစ်ပါ ပါဝင်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆန်းဆန်းဦးက "ဒီဇာတ်လမ်းကို ဂျပန်-မြန်မာနှစ်နိုင်ငံ သံတမန်အထိမ်းအမှတ်အနေနဲ့ ပြုလုပ်ဖို့ NHK World Radio Japan ဘက်ကပဲ လာရောက်ကမ်းလှမ်းတာနဲ့ အခုလို နှစ်ဦးနှစ်ဖက်သဘောတူ ပူးပေါင်းဆောင်ရွက်ဖြစ်သွားတာပါ။ ပူးပေါင်းလုပ်တဲ့အခါမှာလည်း ဂျာနယ်ကျော်မမလေးရဲ့ ဂန္ထဝင်မြောက် ဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ သွေးဝတ္ထုကိုအခြေခံပြီး ဂျပန်ဘက်က ဂျပန်ဇာတ်ညွှန်းရေးဆရာမစ္စတာ တိုရှီးယိုထညီက ဇာတ်ညွှန်းကို ရေးသားပေးခဲ့တာပါ။ အဲဒီဇာတ်ညွှန်းကို NHK World Radio Japanမှ ကိုယ်က မြန်မာလို ပြန်ဆိုခဲ့တာဖြစ်ပါတယ်။ ဇာတ်လမ်းမှာ အဓိကသရုပ်ဆောင်သူတွေက ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် မြန်မာလို ရတနာလို့ခေါ်တဲ့ ဂျပန်မင်းသမီးလေး မီးစ်ခရော်အိုရှီးယို၊ နောက်ပြီး NHK World Radio Japan မြန်မာပိုင်းက ကိုယ်နဲ့ ကျန်တဲ့သူတွေကတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဝန်ထမ်းတွေဖြစ်ပါတယ်။ အဓိကအနေနဲ့ကတော့ ဒီဇာတ်လမ်းက ဂျပန်မြန်မာချစ်ကြည်ရေး ရေရှည်ပိုမိုတည်တံ့ခိုင်မြဲရှင်သန်နေစေဖို့အတွက်ပါပဲ။ ဝတ္ထုရေးတဲ့ဆရာမကြီးကိုယ်တိုင်ကလည်း ဂျပန်- မြန်မာချစ်ကြည်ရေးကို ဦးတည်ပြီးရေးခဲ့တာဆိုတော့ ကောင်းပါတယ်။ ဒီထဲမှာတော့ ဝတ္ထုအရှည်ကြီးကို အတိုချုံးလုပ်လိုက်ရပေမယ့် အတတ်နိုင်ဆုံး၊ အကောင်းဆုံးနဲ့ အနှစ်သာရ မပြောင်းလဲအောင် ကြိုးစားပြုလုပ်ပေးထားတာဖြစ်တဲ့အတွက် နားသောတဆင်ရတဲ့ပြည်သူတွေအနေနဲ့ အဆင်ပြေလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီဇာတ်လမ်းကို အဓိကတာဝန်ယူထုတ်လုပ်တာကတော့ NHK World Radio Japan မြန်မာပိုင်း အစီအစဉ်က ဒေါ်ခင်အေးငယ်ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောသည်။

ယင်းဇာတ်လမ်းတွင် ဂျပန်မလေး၏အဒေါ်အဖြစ် ပါဝင်သရုပ်ဆောင်ရသည့်အပေါ် ရင်တွင်းခံစားချက်များကို မေးမြန်းရာ "NHK World Radio Japan က ကျွန်မကို ဂျပန်မလေးရဲ့ အဒေါ်အဖြစ် ပါဝင် သရုပ်ဆောင်ပေးဖို့ နောက်ဆုံးရွေးလိုက်တယ်။ ပါဝင်ရတဲ့ အခန်းကနည်းပေမယ့် အကောင်းဆုံးဖြစ်အောင်တော့ သရုပ်ဆောင်ထားပါတယ်" ဟု ပြောသည်။

အသံသွင်းသည့်အခါတွင် ကွန်ပျူတာဆော့ဖ်ဝဲမသုံးဘဲ တကယ့်အသံအစစ်များကို ထည့်သွင်းအသုံးပြုထားသောကြောင့် နားဆင်သူများကို သက်ဝင်လှုပ်ရှားစေမည့် ခံစားမှုရသများ အပြည့်အဝ ပေးစွမ်းနိုင်လိမ့်မည် ဖြစ်ကြောင်း သိရသည်။

"ယုမိစံအနေနဲ့ သရုပ်ဆောင်မယ့် ဂျပန်ကိုယ်စားပြု ဂျပန်အမျိုးသမီး မြန်မာလို ရတနာလို့ခေါ်တဲ့ ဇာတ်လိုက်မင်းသမီး မီးစ်ခရော် အိုရှီးယိုကိုရွေးလိုက်တာကတော့ သူက မြန်မာပြည်ကို တကယ်စိတ်ဝင်စားတဲ့

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့ ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ထို့နောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့က မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ပြီးခဲ့သည့် သုံးနှစ်တာကာလ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ယင်းဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးတွင် ၂၀၁၂ မှ ၂၀၂၂ ခုနှစ်အထိ(၁၀)နှစ်တာ ကာလအတွင်း မဲခေါင်ဒေသခွဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင်(၂၀၁၂-၂၀၂၂)ကို အဆွေတော်ခေါင်းဆောင်ကြီးများက အတည်ပြုခဲ့ပါကြောင်း၊

ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင်(၂၀၁၂-၂၀၂၂)ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဆိုင်ရာရင်းနှီးမြှုပ်နှံမှုမူဘောင်ကို (၁၉)ကြိမ်မြောက် ဂျီအမ်အက်စ် ဝန်ကြီးများအစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့သည်ကို သိရှိရပါကြောင်း။

ဂျီအမ်အက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်တွင် အခြေခံအဆောက်အအုံဆိုင်ရာ ဆက်သွယ်ယှက်နွယ်မှု၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ သတင်းအချက်အလက်နည်းပညာ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့ရေး၊ စီးပွားရေးစကြံဖိုရမ်၊ လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်များရရှိနေသည်ကို များစွာ ကျေနပ်အားရမိပါကြောင်း။

ဂျီအမ်အက်စ်အစီအစဉ်ကို ငွေကြေးနှင့် နည်းပညာအကူအညီများ ထောက်ပံ့ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းမှုတို့ကို ဆောင်ရွက်ပေးနေသည့် အာရှဖွံ့ဖြိုးရေးဘဏ်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ဂျီအမ်အက်စ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်အောက်တွင် တိုးတက်မှုရလဒ်ကောင်းများ သိသာစွာရရှိနေသော်လည်း ဒေသခွဲအတွင်း ဆက်သွယ်ယှက်နွယ်မှု ပိုမိုကောင်းမွန်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေးနှင့် အသိုက်အဝန်းစိတ်ဓာတ် ပိုမိုခိုင်မာရေးတို့ကို တိုးမြှင့်ရရှိရန်မှာ စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါကြောင်း။

ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာသော်လည်း ဒေသခွဲအတွင်းလမ်းများ အရည်အသွေးမပြည့်မီခြင်း၊ ရထားလမ်းပိုင်းများ ပြတ်တောက်နေခြင်း၊ ပင်လယ်ဆိပ်ကမ်းနှင့်လေဆိပ်အခြေခံအဆောက်အအုံများ လုံလောက်မှုမရှိခြင်း၊ ထောက်ပံ့ရေးစနစ်များ မပြည့်စုံခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုမလုံလောက်ခြင်း စသည့်အခြေခံအဆောက်အအုံဆိုင်ရာ ကွာဟချက်များ ရှိနေဆဲဖြစ်ပါကြောင်း။

ဂျီအမ်အက်စ် နိုင်ငံများ၌ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို အားလုံးအကျုံးဝင်နိုင်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ပြည်သူများ မျှတစွာရရှိခံစားနိုင်ရန်လည်း အရေးကြီးပါကြောင်း။

စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနောက်ပိုင်းမှစ၍ မြန်မာနိုင်ငံအနေဖြင့် စနစ်သစ်တစ်ခုကို အရှိန်အဟုန်နှင့် ပြောင်းလဲနေပြီး ဂျီအမ်အက်စ်နိုင်ငံများအကြားနှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပိုမိုနီးကပ်စွာ ပေါင်းစည်းလာခြင်းတို့သည်လည်း ဒေသတွင်းကြီးမားသည့် အခွင့်အလမ်းများကို ဖြစ်ပေါ်စေမည်ဟု မျှော်လင့်ပါကြောင်း။

မဟာမဲခေါင်ဒေသခွဲတောင်ပိုင်း စီးပွားရေးစင်္ကြံသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့အကြား အတိုဆုံးကုန်သွယ်မှုစင်္ကြံဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ အလားတူ မဟာမဲခေါင်ဒေသခွဲအရှေ့အနောက် စီးပွားရေးစင်္ကြံသည်လည်း ယင်းနိုင်ငံများအတွက် အရေးကြီးသည့် စင်္ကြံတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းကြောင်းနှစ်ခုကို မြန်မာ-ထိုင်းနယ်စပ် (ဘုရားသုံးဆူမှတစ်ဆင့်) မော်လမြိုင်-ထားဝယ်အကြား မိုင် ၁၇၀ ခန့်ရှည်လျားသည့် ကားလမ်းနှင့်ရထားလမ်းတို့ ဆက်စပ်လိုက်မည်ဆိုပါက ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသတစ်ခုလုံးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးဖြစ်ထွန်းစေမည့် ပိုးလမ်းကြောင်း စီးပွားရေးရပ်ဝန်းနှင့် ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီး တစ်နည်းအားဖြင့် တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း၏ အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်လာမည်ဟု မြန်မာနိုင်ငံက ခိုင်မာစွာ ယုံကြည်ပါကြောင်း။

ဂျီအမ်အက်စ် အစီအစဉ်သည် အားလုံးပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်ရေးတို့သည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ပဉ္စမအကြိမ်ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်ကို "ဂျီအမ်အက်စ်ဒေသ၌ အားလုံးပါဝင်ခံစားနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်ခြင်း" (Committed to Inclusive and Sustainable Development in the GMS) ဟု ရွေးချယ်သတ်မှတ်ခြင်းသည် အလွန်သင့်မြတ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ တက်ရောက်လာကြသော ခေါင်းဆောင်များအား Regional Investment Framework (RIF) အကောင်အထည်ဖော်ဆောင်ရွက်သည့် အစီအစဉ်ကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတူဆောင်ရွက်သူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲဆိုင်ရာ စီးပွားရေးဖိုရမ်၏ ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်က ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌတာဝန် လွှဲပြောင်းခြင်းဆိုင်ရာ အထိမ်းအမှတ်အလံကို ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက်လူငယ်များဆိုင်ရာ ဖိုရမ်၏ ထုတ်ပြန်ချက်ကို အဆိုပါ ဖိုရမ်ကိုယ်စားပြု အမျိုးသမီးငယ်တစ်ဦးက ရှင်းလင်းတင်ပြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတဦးသိန်းစိန် မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်ဓာတ်ပုံပြပွဲနှင့် ညစာစားပွဲတက်ရောက်




ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ် ဓာတ်ပုံပြပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ဗန်ကောက် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီဇင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက ကြိုဆိုနှုတ်ဆက်ပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့်အတူ အဆိုပါဟိုတယ်၌ကျင်းပသည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲတွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ စီးပွားရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများမှ အကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြရာ ညစာမသုံးဆောင်မီ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်သမ္မတသည် မဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း ထိုင်းနိုင်ငံမှ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**




ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

## မနက်ဖြန်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။

# လယ်ဝေးမြို့ အထက (၁)၌ အောင်ချက်မြင့်မားရေး ဟောပြော

**လယ်ဝေး ဒီဇင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဒီဇင်ဘာ ၁၉ ရက်က တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးတာဝန်ခံ ဦးမြင့်ဆွေ၊ ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို အောင်ချက်မြင့်မားရေးအတွက် အသိပညာပေးဟောပြောခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် တာဝန်ရှိသူများ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရှေးဟောင်းစေတီတော်ကို ရှင်းလင်းရာမှ ဆင်းတုတော်နှင့်ဓာတ်တော်များတွေ့ရှိ

**ကန့်ဘလူ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ညောင်ပင်ရွာမကျေးရွာတွင် ရှေးဟောင်းစေတီတော်သုံးဆူသည် သစ်ပင်ငယ်များ ပေါက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်က ဆရာတော် အရှင်ပညာဒီပနှင့် ဒေသခံပြည်သူများက ပြုပြင်ထိန်းသိမ်းရန် အလယ်စေတီတော်ကို စတင်ရှင်းလင်းကြရာ အဆိုပါစေတီတော်မှ ဗုဒ္ဓရုပ်ပွားတော် ကျောက်ဆင်းတုအရွယ်စုံ ၁၈ ဆူ၊ ကြေးဆင်းတုရုပ်ပွားတော် အရွယ်စုံ၁၄ဆူ၊ ကြေးလောကနတ်ရုပ် အသေး ၁၄ ခု၊ ကြေးဆင်ရုပ်အသေး တစ်ခု၊ ကြေးကျောင်းဆောင်ပြာသာဒ်အသေးတစ်ခု၊ ဓာတ်တော်များ ထည့်ထားသော ပုလင်းအသေးကြုတ်တစ်ခုနှင့် ကြေးဆွမ်းအုပ်တစ်ခုတို့ကို တူးဖော်တွေ့ရှိကြောင်း သိရသည်။

အဆိုပါ စေတီသုံးဆူသည် ညောင်ပင်ရွာမကျေးရွာနှင့် ဉယျာဉ်ကျောင်းတိုက်ကြားတွင် ရှိပြီး ထိန်တောအင်းလယ်ကြီး ကျေးရွာချင်းဆက်လမ်း၏ မြောက်ဘက်တွင် တောင်မြောက်တန်းလျက်တည်ရှိသည်။

ဆင်းတုတော်များကို ၎င်းစေတီတော်ရင်ပြင် ဓမ္မာရုံ၌ လူအများ လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြရန် ထားရှိကြောင်း သိရသည်။



**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# အင်းစိန် အမှတ်(၂) ခုံးကျော်တံတား စတင်အကောင်အထည်ဖော် တည်ဆောက်



**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဦးဆောင်ကြီးကြပ်ပြီး လှိုင်မြစ်လမ်းပေါ်ရှိ ယခင်အင်းစိန် တံတားဟောင်းနှင့်အပြိုင် အမှတ်(၂) အင်းစိန် ခုံးကျော်တံတားကို ဒီဇင်ဘာ ၁၉ ရက်က ဘိုးပိုင်ရိုက်ပန္နက်တင် မင်္ဂလာအခမ်းအနား ပြုလုပ်၍ တင်ဒါအောင် မြန်မာရွှေသရဖူလီမိတက်က တာဝန်ယူကာ စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ် သည်။

"ပြောင်းလဲလာတဲ့ ခေတ်စနစ်ရဲ့ လိုအပ်ချက်နဲ့ ဒီရန်ကုန်မှာ ယာဉ်လမ်းကြောင်းတွေ ကျပ်တည်းမှုအရ ဒီအမှတ်(၂) အင်းစိန် ခုံးကျော်တံတားကို ကျွန်တော်တို့ မြန်မာ့မီးရထားက ပါဝင်ကူညီလုပ်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။ အခုတည်ဆောက်မယ့် အမှတ်(၂) အင်းစိန် ခုံးကျော်တံတားဟာ အရင်တံတားဟောင်းနဲ့မတူဘဲ ခေတ်မီအဆင့်မြင့် သံမဏိသံပေါင်တွေ ထည့်သွင်းတည်ဆောက်သွားမှာပါ။ ဒီနေ့ကတော့ ဘိုးပိုင်စတူးတဲ့ ပန္နက်တင်မင်္ဂလာအခမ်းအနား ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ဒီအင်းစိန်ခုံးကျော်တံတားကို မြန်မာငွေကျပ် ၆ ဘီလီယံကျော် ကုန်ကျခံကာလာမယ့် ၂၀၁၅ ဧပြီလအကုန်လောက်ကို အပြီး တည်ဆောက်သွားမှာပါ"ဟု မြန်မာ့မီးရထားမှ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပန္နတင် အခမ်းအနား၌ မီဒီယာများကို ပြောကြားခဲ့သည်။

ယခု စတင်အကောင်အထည်ဖော် တည်ဆောက်သည့် အမှတ်-၂ အင်းစိန် ခုံးကျော်တံတားကို တည်ဆောက်ရန် မြန်မာရွှေသရဖူကုမ္ပဏီက မြန်မာငွေကျပ် ၂ ဒသမ ၅ ဘီလီယံဖြင့် တင်ဒါအောင်မြင်ခဲ့ပြီး လာမည့် ၂၀၁၅ ခုနှစ် မိုးမကျမီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအမှတ် (၂) အင်းစိန်ခုံးကျော်တံတား၏ ပင်မတံတားအရှည်မှာ ၁၅၅၇ ပေရှည်ပြီး ဗဟိုလမ်းအတိုင်း ခွဲထွက်သွားမည့် လက်တက်ပွားတံတားအရှည်မှာ ၆၀၇ ပေရှိမည်ဖြစ်သည်။ အမှတ်(၂) အင်းစိန်ခုံးကျော်တံတားသည် လှိုင်မြစ်လမ်းအတိုင်း အောက်မင်္ဂလာဒုံလမ်း၊ ဗဟိုလမ်းနှင့် ရထားသံလမ်းတို့ကိုဖြတ်ကာ တည်ဆောက်သွားမည်ဖြစ်ပြီး တံတား၏ပင်မလမ်းမှာ နှစ်လမ်းသွားဖြစ်၍ ဗဟိုလမ်းမှ ရန်ကုန်မြို့ဘက်သို့ လက်တက်ပွားတံတားမှာ တစ်လမ်းသွားဖြစ်သည်။ ယခင်အင်းစိန် ခုံးကျော်တံတား၏ အမြင့်ပေမှာ ၁၅ ပေသာရှိပြီး ယခုအမှတ် (၂) အင်းစိန်ခုံးကျော်တံတား၏ အမြင့်ပေမှာ ၁၉ ပေ ၄ လက်မအထိ တိုးမြင့်ထားကာ နောင်ရန်ကုန်မြို့ပတ် လျှပ်စစ်ရထားများ ပြေးဆွဲရာတွင် အဆင်ပြေစေရန်ရည်ရွယ်၍အဆင့်မြင့်ထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီတံတားကို လာမယ့်မိုးမကျမီ ဧပြီလအတွင်း အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်။ အချိန်တိုတိုအတွင်း အပြီးတည်ဆောက်မှာဖြစ်ပေမယ့် စံချိန်စံညွှန်းမီမီနဲ့ လုပ်သား ၁၅၀ ခန့်ကိုသုံးပြီး နေ့/ည အကောင်အထည်ဖော် တည်ဆောက်သွားမှာပါ။ ဒါပေမယ့်အခက်အခဲကတော့ နည်းနည်းကတော့ ဒီတံတားဆောက်မယ့် အောက်မှာ မြေအောက် လျှပ်စစ်သွယ်တန်းကြိုးတွေရှိနေပါတယ်။ ဒါတွေကို သက်ဆိုင်ရာမြန်မာ့လျှပ်စစ်နဲ့ ပူးပေါင်းလုပ်ဆောင်ရမယ့် ဟာလေးတွေတော့ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာ့မီးရထားရဲ့ လိုအပ်ချက်အရ သတ်မှတ်ကာလအတွင်း အပြီး တည်ဆောက်သွားမှာပါ"ဟု အဆိုပါ အမှတ်(၂) အင်းစိန်ခုံးကျော်တံတားအား ဆောက်လုပ်ခွင့်ရထားသည့် မြန်မာရွှေသရဖူကုမ္ပဏီမှအဖွဲ့ဝင်ဒါရိုက်တာ ဦးဆန်းဝင်းက ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း၌ ဆင်ခြေဖုံးနှင့် မြို့တွင်းနေရာများ၌ တည်ဆောက်ပြီး ကားလမ်းခုံးကျော်တံတား ၂၃ စင်း လက်ရှိ၌ အသုံးပြုနေပြီး ရထားလမ်းဖြတ်ဂိတ်စနစ်မှာ မြို့တွင်း ၂၁ နေရာနှင့် ဆင်ခြေဖုံး၌ ၂၈ နေရာ စုစုပေါင်း ၄၉ နေရာရှိသည့်အနက် ၁၀ နေရာကို ခုံးကျော်တံတားသစ်များ ထပ်မံတည်ဆောက်သွားရန် မြန်မာ့မီးရထားအနေဖြင့် စီစဉ်လျာထားလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ပြည်ထောင်စုလွှတ်တော်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) ဒုတိယဦးစီးမှူးနှင့် ဒုတိယဦးစီးမှူး (ကွန်ပျူတာ) (၂၀)နေရာ၊ လစာနှုန်းကျပ် (၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)
  - (၁) မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) M.A (English)၊
  - (၂) ကွန်ပျူတာမဟာသိပ္ပံဘွဲ့ (M.C.Sc)၊
  - (၃) မဟာဥပဒေဘွဲ့ (LL.M)၊
  - (၄) မဟာဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) M.A (IR)၊
  - (၅) မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) M.E (IT)၊
  - (၆) မဟာဝါဏိဇ္ဇဘွဲ့ (M.Com)၊
  - (၇) မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) M.Econ (Statistics)၊
  - (၈) အခြားမဟာဘွဲ့ရရှိသူများ (အင်္ဂလိပ်စာ သို့မဟုတ် ကွန်ပျူတာဘာသာရပ် တစ်ခုခုကျွမ်းကျင်မှု အထောက်အထားပူးတွဲ၍ လျှောက်ထားရန်)။
- (ခ) အငယ်တန်းစာရေး (၁၀)နေရာ၊ လစာနှုန်းကျပ် (၈၇၀၀၀-၁၀၀၀-၉၂၀၀၀)
  - (၁) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) B.A (English)၊
  - (၂) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)၊
  - (၃) ဥပဒေဘွဲ့ (LL.B)၊
  - (၄) ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) B.A (IR)၊
  - (၅) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) B.E (IT)၊
  - (၆) ဝါဏိဇ္ဇဘွဲ့ (B.Com)၊
  - (၇) စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) B.Econ (Statistics)၊
  - (၈) အခြားဘွဲ့ရရှိသူ (အင်္ဂလိပ်စာ သို့မဟုတ် ကွန်ပျူတာဘာသာရပ် တစ်ခုခုကျွမ်းကျင်မှုအထောက်အထားပူးတွဲ၍ လျှောက်ထားရန်)။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) အပိုဒ် ၁(က) ပါ ရာထူးအတွက် ၃၁-၁၂-၂၀၁၄ရက်တွင် (၂၈)နှစ်ထက် မကျော်စေရ၊ ဝန်ထမ်းဖြစ်က (၃၂)နှစ်အထိ ခွင့်ပြုသည်၊
- (ဂ) အပိုဒ် ၁(ခ)ပါ ရာထူးအတွက် ၃၁-၁၂-၂၀၁၄ရက်တွင် (၂၅)နှစ်ထက် မကျော်စေရ၊
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်၊
- (င) ကွန်ပျူတာတတ်ကျွမ်းရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များပါဝင်ပြီး လျှောက်ထားသူကိုယ်တိုင်လက်မှတ်ရေးထိုးပေးပို့ရမည်-
- (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်၊
- (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊
- (စ) ဝန်ထမ်းဖြစ်လျှင် ရာထူး၊ ဌာန၊
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊
- (ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊
- (ဈ) အမြဲတမ်းနေရပ်လိပ်စာ၊

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်-
- (က) တစ်လအတွင်း ရိုက်ထားသော ပတ်စပို့ဓာတ်ပုံနှစ်ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ၊
- (ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- (င) ဝန်ထမ်းမဟုတ်သူများအတွက် တစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း၊
- (စ) ဒုတိယဦးစီးမှူးရာထူးအတွက် အနည်းဆုံး (၅)နှစ်၊ အငယ်တန်းစာရေးရာထူးအတွက် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ် (၂၀) နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှတ်ပုံတင်၍သော်လည်းကောင်း၊ ၃၁-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၆။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ် (၂၀)၊ နေပြည်တော်သို့ ၃၁-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသောလျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ အရည်အချင်းစစ်စာမေးပွဲတွင် အောက်ပါဘာသာရပ်များကို ၇-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် နေပြည်တော်၌ ဖြေဆိုရမည်-
- (က) မြန်မာစာ၊
- (ခ) အင်္ဂလိပ်စာ၊
- (ဂ) အထွေထွေဗဟုသုတ၊

၉။ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုတို့အား စစ်ဆေးမည်ဖြစ်ပြီး ဆောင်ရွက်မည့်အစီအစဉ်ကို ထပ်မံကြေညာမည်။

၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး ဖုန်း-၀၆၇-၅၉၁၂၁၃နှင့် ၀၆၇-၅၉၁၂၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ပြည်ထောင်စုလွှတ်တော် website: www.myanmarparliament.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
# ဝန်ထမ်းအလိုရှိသည်
### ပြည်တွင်း၌သာခန့်ထားရန်

(၁) စီးပွားရေးပညာကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူဝန်ထမ်းလေးဦး အလိုရှိသည်။
- (က) B.Com, M.Com ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အလားတူဘွဲ့များကို နိုင်ငံခြားတွင်သင်ကြားအောင်မြင်ပြီးသူများလည်းလျှောက်ထားနိုင်သည်။)
- (ခ) အသက်(၃၅)နှစ်အောက် မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ဂ) လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးစဉ်းစားမည်။
- (ဃ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူဖြစ်ရမည်။
- (င) ကွန်ပျူတာနှင့်အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
- (စ) နှစ်စဉ်စာချုပ် ချုပ်ဆိုငှားရမ်းခန့်ထားမည်။

(၂) လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ မျှော်မှန်းလစာဖော်ပြ၍ jointpac.mmp@gmail.com သို့ ၂၆-၁၂-၂၀၁၄ရက် နောက်ဆုံးထားပြီး e-mail ဖြင့် ပေးပို့လျှောက်ထားနိုင်သည်။

(၃) ကိုယ်ရေးရာဇဝင်အချက်အလက်များအပေါ်မူတည်၍ သင့်တော်မည့်သူများကို လူတွေ့စစ်ဆေးရန် e-mail ဖြင့် အကြောင်းကြားမည်။

(၄) အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၅၉၁၂၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။

## ပျောက်ဆုံးခြင်း

ကျွန်တော် ဦးရာဇီယူလ္လာ KMW 136929 ၏ သွင်းကုန်လိုင်စင်အမှတ် ILV 13-14 1979 18/11/2013 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

## အမည်ပြောင်း

ငွေဆောင်မြို့ ဦးရန်နိုင်စိုး-ဒေါ်မိမိထွန်းတို့၏သား ငွေဆောင်မြို့ အထက်တန်းကျောင်း ဆ၁၀မတန်း(A)မှ မောင်ကောင်းမြတ်အောင်အား စွမ်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ခရီးသည်များ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေး ဆောင်ရွက်နေ

လက်ပံတန်း ဒီဇင်ဘာ ၂၀

**လက်ပံတန်းဘူတာကြီးသည် နေ့စဉ် အစုန်အဆန်ရထား ၁၄ စင်း ရပ်နားသွားလာနေသည့် ဘူတာကြီးဖြစ်သည့်အတွက် အန္တရာယ်ကင်းရှင်းပြီး ခရီးသည်များ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်နှင့် လမ်းခရီးတွင် မတော်တဆမှုမဖြစ်ပွားစေရန် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား တိုင်း(၆) တိုင်းတာဝန်ခံ ဦးမင်းမင်းထွေး၏ စီစဉ်မှုဖြင့် လက်ပံတန်းမြို့ မြန်မာ့မီးရထားဘူတာကြီးတွင် ဒီဇင်ဘာ ၁၇ ရက်က ရထားရဲတပ်ဖွဲ့ တပ်ခွဲ (၁၉) မှ တပ်ခွဲမှူး ဒုတိယရဲမှူး သိန်းဇော်၊ ဒုတိယကြီးကြပ်ရေးမှူး (သွား/လာ) ဦးအေးမင်းနှင့် အင်ဂျင်နီယာဌာန၊ ဆေးဌာနတို့မှ တာဝန်ရှိသူများသည် သာရဝေါသို့ထွက်ခွာမည့် အမှတ် ၁၉၇ လော်ကယ်ရထားတွင် လိုက်ပါတာဝန်ထမ်းဆောင်သည့် စက်ခေါင်းမောင်း၊ လက်ထောက်စက်ခေါင်းမောင်း၊ စက်ပြင်၊ ရထားထိန်း၊ လက်မှတ်စစ်နှင့် ရဲတပ်ဖွဲ့ဝင်များကို အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ စစ်ဆေးပြီး လမ်းခရီးတွင်မတော်တဆမှုမဖြစ်ပွားရေးနှင့် ခရီးသည်များနှင့် ပြေပြစ်စွာဆက်ဆံရန်တို့ မှာကြားခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ရွှေနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ဒီဇင်ဘာ ၁၇ ရက်က ပန်းတောင်းမြို့နယ် နတ်မောက်အုပ်စု ညောင်ကုန်းကျေးရွာ ကွင်းအမှတ် (၉၇) ဦးပိုင်အမှတ် (၁၁၀) တောင်သူဦးညွန့်ရွှေ၏ ရေကျနောက်စိုက် မိုးစပါးဆင်းသွယ်လတ်မျိုးသန့် ငါးဇေ စိုက်ကွင်းတွင် မိုးစပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (၁၇၈)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၁၂-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၇၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၈၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၈၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၀၂၅ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၈၇၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၀-၁၀၄၅ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၉ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၂၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၅၃၀၀-၁၅၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၃၀၀၀-၂၇၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၁၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၇၅-၆၂၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၀၀-၁၈၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၈၀-၆၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၂၀၀-၄၈၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

## လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် ဆောင်ရွက်


**မိုးမောက် ဒီဇင်ဘာ ၂၀**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်တွင် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန်အတွက် မိုးမောက်-ခူးလီကျေးရွာချင်းဆက် သဲကျောက်ခင်းလမ်း ပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက် ညနေက မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းနှင့်အဖွဲ့က ကွင်းဆင်းကြသည်။

အဆိုပါလမ်းသည် ယခင်ကမြေသားလမ်းဖြစ်ပြီး မိုးရာသီ သွားလာရာတွင် ခက်ခဲသောကြောင့် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**




ကြော်ငြာ


FREEHOLD
LAND
SKYSUITES
PRIVATE & QUALITY LIVING
Q HOME
Quality Home, Quality Life
No.23, Yanshin Road, Yankin Township, Yangon Myanmar
Hotline +959-252 80 8200, 252 80 8300

# သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာအဖြာဖြာ အပိုင်း(၁၃)

ပါမောက္ခခင်မောင်ဝင်း (အသည်း)

**Acronym (အတိုကောက်)**

Acronym ဆိုတဲ့ အင်္ဂလိပ်စကားလုံးကို မြန်မာလိုအတိုကောက်လို့ ပြန်ဆိုရပါမယ်။ အင်္ဂလိပ်အဓိပ္ပာယ် ဖွင့်ဆိုထားတာကတော့ “an abbreviation formed from the initial letter or letters of a phrase or a compound term. ဆိုလိုတာကတော့ စကားစုတစ်ခုရဲ့ ပထမအက္ခရာလေးတွေကို အဖျားဆွတ်ပြီးတော့ ခေါ်ထားတာကို အတိုကောက် (သို့မဟုတ်) အခရိုနင်လို့ခေါ်တာလို့ ပြောပါတယ်။ လက်တင်ဘာသာ acro ဆိုတာက အစွန်အဖျား (e × tremities) nym ဆိုတာက အမည် (name)၊ ဒီနှစ်ခုပေါင်းလိုက်တော့ (acro + nym) ကနေ acronym ဆိုတဲ့ အတိုကောက် စကားလုံးဖြစ်ပေါ်လာတာပါ။ စကားစု တစ်ခုမှာပါဝင်တဲ့ စကားလုံးတွေရဲ့ထိပ်က အက္ခရာတွေစုပေါင်းပြီး ပေါ်ထွက်လာတဲ့ အတိုကောက်ပေါ့။ ဥပမာ - Myanmar Medical Association ကို ရှေ့ဆုံးအက္ခရာတွေကို အဖျားဆွတ်ပြီးတော့ အတိုအားဖြင့် MMA လို့ သုံးကြသလိုပေါ့။

ဒီ acronyms တွေကို ဘာကြောင့် ဘယ်လိုသုံးကြသလဲဆိုတော့ တချို့ စကားလုံးတွေဟာရှည်လျားပြီး ထပ်ခါတလဲလဲ သုံးကြရမှာဖြစ်လို့ အတိုကောက်တွေကို သုံးလာကြတာပါ။ Acronym တွေဟာ ဘာသာစကားတိုင်းမှာလိုရှိပြီး အသုံးလည်းဝင်တယ်။ မြန်မာစကားမှာလည်းရှိတာပါပဲ။ ဥပမာ စစစ၊ နဝတ စတဲ့ အတိုကောက်တွေကို တွေ့ကြရမှာပါ။ ဒါကြောင့်မို့ အင်္ဂလိပ်လို တွင်တွင်ကျယ်ကျယ်သုံးပြီး သိထားသင့်တယ်ထင်တဲ့ acronym တချို့ကို အဓိပ္ပာယ်အကြောင်းအရာနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။

**-NATO – North Atlantic Treaty Organization**

နေတိုး - မြောက်အတ္တလန္တိတ်ဒေသတွင်းမှာရှိတဲ့ ဥရောပနိုင်ငံများပါဝင်ဖွဲ့စည်းထားပြီး လက်ရှိအဖွဲ့ဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံရှိပါတယ်။ ဒီအဖွဲ့ကြီးရဲ့ ကနဦးရည်ရွယ်ချက်ကတော့ ရုရှားနိုင်ငံရဲ့ နယ်ချဲ့ခြိမ်းခြောက်မှု အန္တရာယ်တွေကနေ ကာကွယ်နိုင်ရန်ဖြစ်ပါတယ်။ ဒီအပြင်လည်း စစ်ရေးနိုင်ငံရေးများ ပူးတွဲဆောင်ရွက်ရေးနဲ့အတူ ဥရောပဒေသတွင်း အမျိုးသားရေးစစ်ဝါဒီများ ပြန်လည်ရှင်သန်မလာနိုင်စေရေးတွေဟာ အဓိကရည်ရွယ်ချက်များ ဖြစ်ပါတယ်။

**-WHO – World Health Organization**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့- ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းကြီးဖြစ်ပြီး ၁၉၄၈ခုနှစ်မှာ ဖွဲ့စည်းခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ကျောက်ရောဂါ ကင်းစင်ရေးကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာ ဦးစားပေးအနေနဲ့ ကူးစက်ရောဂါတွေ အထူးသဖြင့် HIV/AIDS, Ebolar , ငှက်ဖျားနဲ့ အဆုတ်ရောဂါ (တီဘီ) စတဲ့ရောဂါတွေကို တိုက်ဖျက်ဖြိုခွင်းဖို့ ကြိုးစားနေပါတယ်။

**-RSPCA – Royal Society for the Protection and Care of Animals**

အင်္ဂလန်နိုင်ငံမှာရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ တိရစ္ဆာန်တွေကို ကာကွယ်စောင့်ရှောက်ပေးတဲ့ တော်ဝင်ဘုရင့်အဖွဲ့အစည်းပါ။ စွန့်ပစ်ဒုက္ခရောက်နေတဲ့ တိရစ္ဆာန်တွေကို ပြုစုစောင့်ရှောက်ကယ်တင်ပြီး ညှဉ်းပန်းမှုတွေ ကာကွယ်တားဆီးတာတွေကို လုပ်ဆောင်ပေးပါတယ်။

**-ILO – International Labour Organization**

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံ အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါတယ်။ အဓိကကိုင်တွယ်ဖြေရှင်းရတဲ့ ပြဿနာတွေကတော့-

- ✷ ကလေးအလုပ်သမား (child labour)
- ✷ အဓမ္မအလုပ်စေခိုင်းခြင်း (forced labour)
- ✷ အနိမ့်ဆုံးလစာသတ်မှတ်ရေး (minimum wage law)
- ✷ ရွှေ့ပြောင်းအလုပ်သမားများ (migrant workers)
- ✷ အိမ်ဖော်များ (domestic workers) စသည့် ပြဿနာများ

ဖြေရှင်းရေး ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီး ပူးပေါင်းနိုင်ဖို့ ဆောင်ရွက်ကြိုးပမ်းလျက်ရှိပါတယ်။

**-UNICEF – United Nations Children’s Fund (Shorted from United Nations International Children’s Fund)**

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့- ဒီအဖွဲ့အစည်းကြီးကိုတော့ ၁၉၄၆ ခုနှစ်မှာဖွဲ့စည်းခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်မှာ ကလေးငယ်တွေ အစာရေစာငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါဖြစ်ပွားခြင်းများနဲ့ ရင်ဆိုင်ခဲ့ရတဲ့အတွက် ဒီအဖွဲ့အစည်းကြီးကို ဖွဲ့စည်းခဲ့ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ကလေးတွေကို အစားအစာ၊ အဝတ်အစားနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို လိုအပ်သလို ဖြည့်ဆည်းပေးပါတယ်။

**-CIA – Central Intelligence Agency**

အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့။ ကမ္ဘာအရပ်ရပ်က ထောက်လှမ်းရေး အချက်အလက်တွေကို ရှာဖွေစုဆောင်းတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အမေရိကန်အစိုးရရဲ့ လုံခြုံရေးအတွက် အဓိကတာဝန်ထမ်းဆောင်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

**-FBI – Federal Bureau of Investigation**

အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးအဖွဲ့။ အမေရိကန် တရားရေးဌာန လက်အောက်မှာရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့ အဓိကတာဝန်ကတော့ အမေရိကန်နိုင်ငံအတွင်းမှာရှိတဲ့ ရာဇဝတ်မှုတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေ အစရှိတဲ့ နိုင်ငံတွင်းလုံခြုံရေးများဖြစ်ပါတယ်။

**-NASA – National Aeronautics and Space Administration**

အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့အစည်း (အမေရိကန်နိုင်ငံ)

**-IMF – International Monetary Fund**

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့

**-FAO - Food and Agriculture Organization**

စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့

**-RSVP - Respopndez, S’il Vou Plait – & ရီပွန်းဒေးဆီဗူပလေး**

ပြင်သစ်စကားဖြစ်ပါတယ်။ ကျေးဇူးပြု၍ အကြောင်းပြန်ပါလို့ အဓိပ္ပာယ်ရပါတယ်။ အင်္ဂလိပ်လိုဆိုရင်တော့ Reply If you Please ပေါ့။ ဖိတ်စာတွေမှာ ဘယ်ဘက်အောက်ခြေမှာပါလေ့ရှိပါတယ်။ တက်နိုင်၊ မတက်နိုင် အကြောင်းပြန်ပေးပါဆိုတဲ့အဓိပ္ပာယ်ပါ။

**-SOS - Save our Souls**

ကျွန်ုပ်တို့အသက်ကို ကယ်ကြပါလို့ အဓိပ္ပာယ်ဖွင့်ဆိုရပါတယ်။ ခေတ်ပေါ် ဆက်သွယ်ရေးစနစ်တွေ မပေါ်ထွန်းမီက ပင်လယ်ကူးသင်္ဘောများ ဘေးအန္တရာယ်ကြုံတွေ့ရတဲ့အခါ ကြိုးမဲ့ကြေးနန်းနဲ့ အကူအညီတောင်းကြပါတယ်။ အဲလိုသုံးကြတုန်းက SOS ပို့တာကို **“Save Our Ship”** လို့ အဓိပ္ပာယ်ဖွင့်ကြတာလည်းရှိခဲ့ပါတယ်။ ခုခေတ်မှာတော့ **“Save Our Souls”** လို့ လူသိများပြီး အရေးပေါ်အကူအညီတောင်းခံတာပါ။

**-RADAR – Radio Aided Detecting And Ranging**

အရာဝတ္ထုတွေရဲ့ အကွာအဝေး၊ အမြင့်၊ အရပ်မျက်နှာနဲ့ ရွေ့လျားနှုန်းတွေကို ရေဒီယိုလှိုင်းတွေအသုံးပြုပြီး ရှာဖွေတဲ့နည်းစနစ်ဖြစ်ပါတယ်။ ရေဒါကို အသုံးပြုပြီး လေယာဉ်ပျံတွေ၊ သင်္ဘောတွေ၊ အာကာသယာဉ်တွေ၊ ဒုံးကျည်တွေကို ရှာဖွေကြည့်ရှုကြပါတယ်။ ဒ့ါအပြင် ရာသီဥတု၊ သတင်းအချက်အလက်တွေ ရှာဖွေစုဆောင်းတဲ့အခါမှာလည်း တော်တော်အသုံးဝင်ပါတယ်။ RADAR ဆိုတဲ့ အတိုကောက် (acronym) ဟာ စာလုံးသေးတွေ ဖြစ်ကုန်ပြီး radar ဆိုတဲ့ ကိုယ်ပိုင်အင်္ဂလိပ်စကားလုံးအဖြစ် တည်ရှိလာပြီး တွင်ကျယ်စွာ သုံးစွဲနေကြပါပြီ။

**-BTW – By the way**

စကားမစပ်

**-PTO – Please Turn Over**

တစ်ဖက်စာမျက်နှာသို့

**-PS – Postscript**

စာကြွင်း - စာတစ်စောင်ရေးပြီးလို့ အဆုံးသတ်ပြီးခါမှ နောက်ထပ်ရေးဖို့ ကျန်နေသေးရင် နောက်ဆက်တွဲရေးတာလေးကို PS သင်္ကေတလေးပြပြီး ဆက်ရေးပါတယ်။

**-CO – Care of**

မှတဆင့် - ဆိုလိုတာက တိုက်ရိုက်လိပ်စာမဟုတ်ပဲ တစ်ဆင့်ခံလိပ်စာနဲ့ ပေးပို့တာမှာ အသုံးပြုပါတယ်။

**-ASAP – As soon as possible**

မြန်နိုင်သမျှမြန်မြန်

Acronym တွေ အများကြီးရှိပါသေးတယ်။ ခုရေးသားဖော်ပြပေးခဲ့တာတွေကတော့ ကောင်းနိုးရာရာ သိထားသင့်တာလေးတွေပဲဖြစ်ပါတယ်။ ဒီအတိုကောက်လေးတွေကိုမသိခဲ့ရင် အင်္ဂလိပ်သတင်းတွေမှာပါလာတဲ့အခါ နားလည်ဖို့ခက်ပါတယ်။ နောက်အပတ်တွေမှာလည်း အင်္ဂလိပ်စာနဲ့ပတ်သက်လို့ ဗဟုသုတရစရာအကြောင်းအရာတွေ ဆက်လက်ဖော်ပြပေးသွားပါမယ်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၆၀၀၅၈၊ Yamaha DT 125 R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဝင်း ၉/မကန(နိုင်)၀၅၁၄၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ယ/၂၅၆၄၅၊ New ANBO 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရာညွန့်, ၈/နမန(နိုင်)၀၀၀၉၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ယ/၇၉၇၂၄၊ Luojia 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၁၀/ပမန(နိုင်)၀၉၅၂၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ဘိုကလေး အထက (၁) အာစရိယပူဇော်မည်**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား နှစ်စဉ်အစဉ်အလာမပြတ် (၁၄) ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက် ညနေ ၅ နာရီတွင် ၄င်းကျောင်းဥပဇာမြက်ခင်းပြင်၌ ပူဇော်ကန်တော့စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကန်တော့ခံပါရန်နှင့် တပည့်ဟောင်းများမှလည်း မပျက်မကွက်တက်ရောက် ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဘိုကလေးအသင်းရှေ့မှ ၄-၁-၂၀၁၅ရက် နံနက် ၆း၃၀ နာရီတွင် စထွက်ခွာမည်ဖြစ်ပါသဖြင့် အသင်းရုံးဖုန်း-၀၁-၂၁၂၅၀၈ သို့ ၃-၁-၂၀၁၅ ရက်နောက်ဆုံးထားပြီး ဆက်သွယ်စာရင်းပေးသွင်းပါရန် လေးစားစွာပန်ကြားအပ်ပါသည်။ အောက်ပါပုဂ္ဂိုလ်များနှင့် ဘဏ်စာရင်းများ

၁။ ဦးလှသန်းဦး(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၅၄၆၇၃

၂။ ဦးတင်မောင်ပြုံး(အတွင်းရေးမှူး) ဖုန်း-၀၉-၈၅၉၅၆၃၉

၃။ ဒေါ်နီလာအောင်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၈၅၉၅၁၀၀

၄။ ဦးစောဝေ(ဘိုကလေးအသင်းဥက္ကဋ္ဌ) ဖုန်း-၀၉-၈၆၅၀၄၂၄

၅။ ဦးဝင်းမြင့်(ဘိုကလေးအသင်းအတွင်းရေးမှူး) ဖုန်း-၀၉-၅၁၀၅၈၀၆

၆။ ရွှေဆောင်ဘဏ် (စာရင်းအမှတ်-၀၂-၀၀၉၀၂၀၀၀၀၀၉၄၆၉)

၇။ ကမ္ဘာ့ရတနာဘဏ်(စာရင်းအမှတ်-၀၁၂၁၂၂၀၀၀၃၅၈၂)

ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဃ/၈၁၂၇ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းအောင် ၅/ကဆန(နိုင်)၀၈၀၁၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၈၂၅၅၈ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျူးဂျူးချစ် ၉/မခန(နိုင်)၁၉၄၆၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5D/1787 မစ်ဆူဘီရှီကန်တာ Truck(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လှမြင့် ၇/ဖမန(နိုင်)၀၈၈၈၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် န/၆၄၀၆ ယာဉ်လက်ဝယ်ရှိသူ ဦးရင်ခေါ်ဝမ်(ခ)ရင်ဝင်း ၁/မကန(နိုင်)၁၀၇၃၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂ/၇၆၃၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန္ဒာလှိုင် ၇/တငန(နိုင်)၁၀၉၉၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိုးညှင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၂၇၅၁ Toyota Hilux W40/ ပစ်ကပ်ယာဉ်လက်ဝယ်ရှိ ဒေါ်စုစုအေး ၁၂/ကမတ(နိုင်) ၀၀၀၀၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက် Word Star Education Center (W.S.E.C) ကိုယ်ပိုင်အထက်တန်းကျောင်းနေ စတုတ္ထတန်းမှ မအိရွှေရည်ရှင်းသန့်နှင့် သူငယ်တန်းမှ မောင်ဝေယံလင်းတို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနိုင်အောင်ဝင်း ၉/မခန(နိုင်) ၁၄၅၂၈၁ ဖြစ်ပါကြောင်း။ **ဦးနိုင်အောင်ဝင်း**

**ပျောက်ဆုံးကြောင်း**

ဒေါ်ညွန့်ညွန့်ရီ ၁၂/ဗဟန(နိုင်) ၀၃၉၂၃၃ ပိုင်ဆိုင်သောမော်တော်ယာဉ်အမှတ် 6B/2148 ၏အခွန်စိမ်းပုံစံ(၁)ပျောက်ဆုံးကြောင်း။

**ပျောက်ဆုံးကြောင်း**

ဒေါ်ဝင်းဝင်းကြူ (ခ) ဘေဘီ ၁၂/ဗဟန(နိုင်)၀၃၈၃၁၃ ပိုင်ဆိုင်သောမော်တော်ယာဉ်အမှတ် 6E/9613 ၏ အခွန်စိမ်းပုံစံ(၁) ပျောက်ဆုံးကြောင်း။

**ပြည်တွင်းသတင်းနှင့် ကြော်ငြာ**

# ငွေကြေးအကျိုးခံစားခွင့်များနှင့်ဆေးဖိုးစိုက်ထုတ်ကုန်ကျငွေပြန်လည်ထုတ်ပေး

**တောင်ငူ ဒီဇင်ဘာ ၂၀**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်အရ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူများ၏ ကျန်ရစ်သူငွေအကျိုးခံစား ခွင့်များနှင့်ဆေးဖိုးစိုက်ထုတ် ကုန်ကျငွေပြန်လည်ထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီက တောင်ငူမြို့ခပေါင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းက အမှာစကားပြောကြားရာတွင် လူမှုဖူလုံရေးစီမံကိန်းတွင် အာမခံထားသူ မမာမကျန်းဖြစ်မှုတွေ၊ မီးဖွားမှုတွေ၊ သေဆုံးမှုတွေ၊ အသက်အရွယ်ကြီးရင့်သည့်အခါတွင် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရတာတွေ၊ လူမှုဒုက္ခကြုံတွေ့ရသည့်အခါမှာ ဆေးကုသခြင်းနှင့် ငွေကြေးထောက်ပံ့ပေးခြင်းကြောင့် အာမခံ အလုပ်သမားနှင့် မိသားစုဟာ အခက်အခဲမရှိစေရေးအတွက် ဆောင်ရွက်ပေးနေသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တောင်ငူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ အုတ်တွင်းသကြားစက်မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ဦးကျော်ကျော်လင်း၏ အကျိုးခံစားခွင့် ငွေကျပ် ၂၅၀၂၄၀၀ ကို ကျန်ရစ်သူ မိသားစုအား လည်းကောင်း၊ ကျောက်ကပ်အစားထိုး ကုသသူ အမှတ် (၈၈) သစ်စက်မှ ဒေါ်ဥမ္မာဝင်း၏ ဆေးဖိုးစိုက်ထုတ်ကုန် ကျငွေကျပ် ၂၁၁၆၉၆၀ ကို မိသားစုဝင်ကိုလည်းကောင်း၊ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ မြန်မာ့မီးရထားသွားလာရေး တိုင်း (၅) မှ ဦးကျော်စွာဝင်း၏ အကျိုးခံစားခွင့် ငွေကျပ် ၂၃၆၄၉၁၅ ကို ကျန်ရစ်သူမိသားစုကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# တောင်ငူတက္ကသိုလ်တွင် စွမ်းဆောင်ရည်မြင့်မားရေးဆွေးနွေး

**တောင်ငူ ဒီဇင်ဘာ ၂၀**

တောင်ငူတက္ကသိုလ် ဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် တက္ကသိုလ်တွင် Quality Assurance System ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်လျက် တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဒီဇင်ဘာဒုတိယပတ်က (Quality Assurance System Implementation in Universities) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက တက္ကသိုလ်များတွင်ကျင့်သုံးမည့် အရည်အသွေးအာမခံမှု၊ အသိအမှတ်ပြုမှုစနစ် (Quality Assurance and Accreditation System) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စစ်တွေတက္ကသိုလ် သမိုင်းဌာနမှ ကထိကဒေါက်တာဇော်စိုးမင်းက သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှု (Curriculum Development)၊ လုပ်ငန်းခွင်အတွင်း ပြုပြင်ပြောင်းလဲစီမံခန့်ခွဲခြင်း (Change Management) တို့ကို ဆွေးနွေးပို့ချသည်။

ဆွေးနွေးပွဲသို့ တောင်ငူတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံ/ဘဏ္ဍာ၊ အင်ဂျင်နီယာ၊ သင်တန်းရေးရာနှင့် အဝေးသင်ဌာနတို့မှ အရာထမ်း၊ အမှုထမ်း ၉၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်

**မိုးကောင်း ဒီဇင်ဘာ ၂၀**

မိုးကောင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေသူရိန်စိန်လှတို့သည် ဒီဇင်ဘာ ၁၅ ရက်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး ပင်းကြိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နန်းခွင်ကျေးရွာ အခြေခံပညာအထက်ကျောင်း(ခွဲ)နှင့် ထုံးရေပေါက်ကျေးရွာ အခြေခံပညာမူလတန်း လွန်ကျောင်းများရှိ ကျောင်းသားကျောင်းသူများ အတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**

# ဝန်ထမ်းအိမ်ရာတည်ဆောက်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ် ၈၂ × ၈၃ လမ်းကြား၊ ၂၀× ၂၁ လမ်းကြားရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) တွင် အောင်ဇေသွန်းကုမ္ပဏီမှ (၇၂ × ၃၅ × ၁၀ )ပေ RC လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူက ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**



# နိုင်ငံသားကတ်ပြားများ အခမဲ့ ထုတ်ပေး

**တောင်ငူ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် သံတောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးဝင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမန်းဒေးတို့ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် သံတောင်ကြီးမြို့နယ်အတွင်းရှိ ကရွာကြီးကျေးရွာအုပ်စု သူဌေးကုန်း အမကကျောင်း၌ ကျောင်းသားကျောင်းသူ ၆၄ ဦးနှင့် ရွာကြီးကျေးရွာအုပ်စု ပျားစခန်းကျေးရွာတွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူ ရွာသူရွာသား ၁၁၁ ဦးစုစုပေါင်း ၁၇၅ ဦးတို့အား ကျေးရွာအရောက်ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား များကို နေ့ချင်းပြီးအခမဲ့ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(၁၃၆)**

# ဆေးရုံမြေနေရာ ပန္နက်တင် အခမ်းအနားကျင်းပ

**ဖြူး ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူ ခရိုင် ဖြူးမြို့နယ် ဖြူးမြို့အရှေ့ဘက် ခုနစ် မိုင်ခန့် ဖြူး -အုတ်ဖြတ်ကားလမ်း ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီးတောင်ကမ်းရွာတွင် ယခင်ကျေးလက်ဆေးပေးခန်းအဆင့်မှ ယခု ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကြီးအဖြစ် ဆောက် လုပ်ရန် ပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉နာရီ ၄၅ မိနစ်က အဆိုပါ တိုက်နယ်ဆေးရုံ မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်လွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာ စိန်ထွန်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ပန္နက်တင်အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်တာဝန်ရှိသူ ခုနစ်ဦးတို့က မင်္ဂလာပန္နက်တိုင်များ စိုက်ထူပေး ကြပြီး အောင်သပြေပန်းဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ ၁၆ ခုတင်ဆံ့ဆေးရုံ အကျယ်အဝန်း မှာ (၁၉၄ ×၁၇၇) ပေဖြစ်ကြောင်းသိရသည်။

**ဖြူး-မြင့်ဦး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တာချီလိတ်မြို့နယ်တရားမရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၄**

| | | |
|---|---|---|
| ဒေါ်နန်းထွေးလင်း | **နှင့်** | ဒေါ်နာမီး |
| ၁/၁၃၅၊ ဆန်ဆိုင်း(က)ရပ်ကွက် | | ဆန်ဆိုင်း(က)ရပ်ကွက်၊ တာချီလိတ်မြို့ |
| တာချီလိတ်မြို့ | | (ယခုနေရပ်လိပ်စာမသိပါ) |
| **တရားလို** | | **တရားပြိုင်** |

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ တာချီလိတ်မြို့နေ ဒေါ်နာမီး (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နန်းထွေးလင်းက နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ်စာချုပ်အား စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၆ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကိုကိုနိုင်)**
**မြို့နယ်တရားသူကြီး၊ တာချီလိတ်မြို့နယ်တရားရုံး**

**အမည်ပြောင်း**

မြောက်ဦးမြို့၊ လက်ကောက်ဈေးရပ်ကွက်၊ ကံလှရပ်နေ ဦးမောင်ကျော်စိန်၏ သမီး မနုနုခိုင် ၁၁/မဥန(နိုင်)၀၆၈၉၄၇ အား မအေးမြတ်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအေးမြတ်ခိုင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၉၂**

| | | |
|---|---|---|
| ဒေါ်အေးမြမြဖူး | **နှင့်** | ဦးကျော်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

ဦးကျော်ဝင်း အမှတ် ၇၀၇ စံရိပ်ငြိမ်လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မြေကွက် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃၀ ရက် (၁၃၇၆ခုနှစ် ပြာဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၄၉၁၁၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမင်း ၁၄/ဖပန(နိုင်) ၀၄၅၇၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်) (မအူပင်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ရန်ကုန်တောင်ပိုင်းခရိုင်နယ်တရားမရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၂၇**

| | | |
|---|---|---|
| ဦးဝင်းမြင့် | **နှင့်** | ဦးသာညို |
| **တရားလို** | | **တရားပြိုင်** |

(ယခင်)တိုက်-၄၃၊ အခန်း (D-1)(၄၁) တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (ယခုလိပ်စာမသိ) ဦးသာညို သိစေရမည်။

သင့်အပေါ်၌ ဦးဝင်းမြင့်က ပဋိညာဉ်အတိုင်း မြေကွက်အပြီး အပိုင်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန်းမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

**ပျောက်ဆုံးကြောင်း**

မော်လမြိုင်မြို့ ကော့ခမယ်ရပ်ကွက် အရှေ့ပိုင်းလမ်းနေ ဦးလင်း၏သမီး မသီတာ ၁၀/မလမ(နိုင်)၂၅၀၇၃၉ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၇၄၅၂၁**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး


# လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ(Delivery Unit) ၏ Third Wave ပြည်သူ့အခြေပြုလုပ်ငန်းများအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မှုများတင်ပြချက်

**လယ်ယာကဏ္ဍ**
**စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ချက်များ**
**စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု**

စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဌာနမှ ၃၄၇ ကီလို၊ ပုဂ္ဂလိက ကဏ္ဍမှ ၃၁၄ ကီလို စုစုပေါင်း ၆၆၁ ကီလို ထုတ်လုပ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဌာနမှ ၅၃၉ ကီလို၊ ပုဂ္ဂလိကကဏ္ဍမှ ၄၃၉ ကီလို စုစုပေါင်း ၉၇၈ ကီလို ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

စပ်မျိုးစပါးထုတ်လုပ်ရန် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဌာနမှ ၂၄၀ ကီလို၊ ပုဂ္ဂလိကကဏ္ဍမှ ၁၄၃၉ ကီလိုထုတ်လုပ်ရန် လျာထားပါသည်။ (၉. ၁၂. ၂၀၁၄) ရက်နေ့ထိ ဌာနမှ ၁၀. ၂ ကီလို(ထောင်ပေါင်း)၊ ပုဂ္ဂလိကကဏ္ဍမှ ၄၂၄. ၈ ကီလို(ထောင်ပေါင်း) ရိတ်သိမ်းထွက်ရှိပါသည်။

စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၂- ၂၀၁၃ ခုနှစ်တွင် ၀. ၉ သိန်း ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁. ၈ သိန်း ဧကထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁. ၄ သိန်းဧက ထိ စိုက်ပျိုးခဲ့ပါသည်။




**မျိုးကောင်းမျိုးသန့် စပါးထုတ်လုပ်ဖြန့်နိုင်မှု**

မျိုးကောင်းမျိုးသန့် စပါးထုတ်လုပ်မှုအနေဖြင့် ပြည်ထောင်စုနယ်မြေတွင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မျိုးစပါးတင်းပေါင်း ၁၀၈၇၈၂ တင်း ဖြန့်ဖြူးနိုင်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၉၂၂၄၆ တင်း ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မျိုးစပါးတင်းပေါင်း ၃. ၉ သန်း ဖြန့်ဖြူးနိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၇. ၄ သန်းထိ တိုးမြှင့်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။ (၉. ၁၂. ၂၀၁၄) ရက်နေ့ထိ မျိုးကောင်းမျိုးသန့် အထွက်တင်းပေါင်း ၃. ၁ သန်းထိ ရိတ်သိမ်းထွက်ရှိပြီး ဖြစ်ပါသည်။


မျိုးစပါး ဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၁-၂၀၁၂ တွင် အကျိုးပြုဧကပေါင်း ၄. ၀၃ သန်းရှိခဲ့ပြီး ၂၀၁၃- ၂၀၁၄ တွင် ၇. ၂၆ သန်းထိ တိုးတက်လာခဲ့ပါသည်။



**စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု**

စပ်မျိုးနေကြာမျိုးစေ့ကို ၂၀၁၁-၂၀၁၂ တွင် ဌာနမှ ၁၀၂၀ တင်းနှင့် တောင်သူမှ ၁၀၂၈ တင်း စုစုပေါင်း ၂၀၄၈ တင်း ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ တွင် ဌာနမှ ၇၃၈ တင်းနှင့် တောင်သူမှ ၁၅၃၁ တင်း စုစုပေါင်း ၂၂၆၉ တင်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

စပ်မျိုးနေကြာမျိုးစေ့ ဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၁-၂၀၁၂ တွင် အကျိုးပြုဧကပေါင်း ၁၀၂၄၀ ဧက ရှိခဲ့ပြီး ၂၀၁၃- ၂၀၁၄ တွင် ၁၁၃၄၅ ဧကထိ တိုးတက်လာခဲ့ပါသည်။ ၂၀၁၄- ၂၀၁၅ ခုနှစ် မိုးရာသီတွင် စပ်မျိုးနေကြာမျိုးစေ့ထုတ်ဧက ၁၅၉ ဧက စိုက်ပျိုးနိုင်မှုအပေါ် ရိတ်သိမ်းဆဲ ၁၃၇ ဧက ရှိပြီး အထွက်တင်း ၁၅. ၃၄ တင်းထွက်ရှိပါသည်။ ၂၀၁၄- ၂၀၁၅ ခုနှစ် ဆောင်းရာသီတွင် မျိုးစေ့ထုတ် ဧက ၃၀၀ ဧက ရည်မှန်းချက်အပေါ် ၁၀ ဧက (၁၂. ၁၂. ၂၀၁၄) ရက်နေ့အထိ စိုက်ပျိုးပြီးဖြစ်ပါသည်။



**စပ်မျိုးအစေ့ထုတ်ပြောင်းသီးနှံ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု**


စပ်မျိုးအစေ့ထုတ်ပြောင်းသီးနှံကို ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုနယ်မြေတွင် ၉၃ ဧက၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် ၄၉၇၃ ဧက စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုနယ်မြေတွင် ၅၃ ဧက၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် ၄၇၀၃ ဧက စိုက်ပျိုးထုတ်လုပ်ခဲ့ပါသည်။

စပ်မျိုးအစေ့ထုတ်ပြောင်းသီးနှံမျိုးစေ့ ဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၂-၂၀၁၃ တွင် အကျိုးပြုဧကပေါင်း ၄၉၀၇၂၀ ဧက ရှိခဲ့ပြီး ၂၀၁၃- ၂၀၁၄ တွင် ၅၇၂၂၈ ဧက စိုက်ပျိုးခဲ့ပါသည်။ ၂၀၁၄- ၂၀၁၅ ခုနှစ် မိုးရာသီတွင် အစေ့ထုတ်ပြောင်းစိုက်ဧက ၉၉၈၀၂၂ စိုက်ပျိုးနိုင်ခဲ့မှုအပေါ် မျိုးစေ့ထုတ်ဧက ၄၇၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၄၆၁၉ ဧက ရိတ်သိမ်းမှုအပေါ် စုစုပေါင်း ၂၄၂၈၇၅၁ ကီလို ထွက်ရှိခဲ့ပါသည်။ ၂၀၁၄- ၂၀၁၅ ခုနှစ် ဆောင်းရာသီ အစေ့ထုတ်ပြောင်း ရည်မှန်းဧက ၁၁၅၇၄၉ ဧက အပေါ် (၃၀. ၁၁. ၂၀၁၄) ရက်နေ့ထိ စုစုပေါင်း စိုက်ဧက ၇၃၁၀၄ ဧက စိုက်ပျိုးပြီးဖြစ်ပါသည်။

**ပဲမျိုးစုံသီးနှံထုတ်လုပ်ဖြန့်ဖြူးနိုင်မှု**

ပဲမျိုးစုံသီးနှံကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၆၂၅၄ တင်း ထုတ်လုပ်ဖြန့်ဖြူးခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၆၄၁၂ တင်း ထုတ်လုပ်ဖြန့်ဖြူးခဲ့ပါသည်။

ပဲမျိုးစုံသီးနှံဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၂၅၀၁၆ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၂၅၆၄၈ ဧက ထိ တိုးတက်စိုက်ပျိုးခဲ့ပါသည်။



**မိုးစပါးသီးနှံ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်မှု**

၂၀၁၄- ၂၀၁၅ ခုနှစ် မိုးစပါးသီးနှံကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(GAP)ဖြင့် စိုက်ပျိုးနိုင်မှု မှာ စုစုပေါင်း စိုက်ဧက ၁၅. ၃၉ သန်း ၏ ၄၇ % (၇. ၂၈ သန်း) ရှိပါသည်။

၂၀၁၄- ၂၀၁၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးစပါးသီးနှံအား သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်မှုတွင် ဧရာဝတီတိုင်းဒေသကြီးမှာ စိုက်ဧက အများဆုံး ၂. ၀၆ သန်းကျော် ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးမှာ ၁. ၆၉ သန်းကျော် ဖြင့် ဒုတိယအများဆုံး ဖြစ်ပါသည်။

**တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးစပါးသီးနှံအား သိပ္ပံနည်းကျ စိုက်နည်းစနစ်ပညာပေး သင်တန်းပို့ချနိုင်မှု**

၂၀၁၃- ၂၀၁၄ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သိပ္ပံနည်းကျ စိုက်နည်းစနစ် ပညာပေးသင်တန်းများကို စုစုပေါင်း (၄၀၈၄၁) ကြိမ်၊ တောင်သူဦးရေစုစုပေါင်း ၂၁. ၆ သိန်း ဦး ခန့် သင်တန်းပို့ချနိုင်ခဲ့ပါသည်။

*ဆက်လက်ဖော်ပြပါမည်*

**စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ် (၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ ကားကြီးရပ်နားကွင်းနှင့်စားသောက်ဆိုင်အား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၁)သံမဏိစက်ရုံ(မြင်းခြံ)မှ ကားကြီးရပ်နားကွင်းနှင့် စားသောက်ဆိုင်တို့အား ငှားရမ်းမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့) ၁၀း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပြီး သံမဏိစက်ရုံများကြီးကြပ်ရေးဌာန (ရုံး-၄၁၊ နေပြည်တော်)နှင့် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တို့တွင် ထုတ်ယူနိုင်ပါသည်-

(က) **ဈေးနှုန်းတင်သွင်းလွှာများ စတင်ထုတ်ယူနိုင်မည့်ရက်** - ၂၃-၁၂-၂၀၁၄ရက် (အင်္ဂါနေ့)မှ ၂၆-၁၂-၂၀၁၄ ရက် (သောကြာနေ့)အထိ ရုံးချိန်အတွင်း

(ခ) **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - အမှတ် (၁)သံမဏိစက်ရုံ(မြင်းခြံ)

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းများသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**ဖုန်း-၀၆၇-၄၀၈၃၄၅ (သံမဏိစက်ရုံများကြီးကြပ်ရေးဌာန) ဖုန်း-၀၆၆-၃၀၄၇၅၊ ၃၀၄၇၆ (အမှတ်-၁၊ သံမဏိစက်ရုံ-မြင်းခြံ)**

**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးပစ္စည်းများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၁-၂၀၁၅ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါကအောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆(လိုင်းခွဲ-၁၈၀)**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စတုတ္ထအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်အောက်ရှိအောက်ဖော်ပြပါ ကော်ဇောအမျိုးမျိုးအား အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချလိုပါသည်-

(က) ကော်ဇောP.P (၂၃)မျိုး
(ခ) Polypropylene L.D (၁၀)မျိုး

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၂၂-၁၂-၂၀၁၄ ရက်မှစတင်ရောင်းချပေးမည်ဖြစ်ပြီးတင်ဒါပိတ်မည့်ရက်မှာ ၂၁-၁-၂၀၁၅ရက် ၁၃း၀၀ နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၃၁၁၂၂၊ ၀၆၇-၄၃၁၃၁၄**

**ကျန်းမာရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁၂-၂၀၁၄ရက်
**တင်ဒါပုံစံပိတ်ရက်နှင့်အချိန်** - ၁၈-၁-၂၀၁၅ ရက် (၁၆း၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးဝါးအချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးတင်ဒါခေါ်ယူရေးကော်မတီ**

**ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပင်စင်ဦးစီးဌာနအတွက်**
**ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနအတွက် အောက်ပါရုံးသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

(က) Dell Computer ၁ မျိုး ၂၅ လုံး
(ခ) Printer ၁ မျိုး ၂ လုံး
(ဂ) ပရိဘောဂ ၉ မျိုး ၄၁ လုံး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၆-၁၂-၂၀၁၄ ရက် ညနေ ၁၅း၀၀ နာရီနောက်ဆုံးထား၍ ပင်စင်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့အရောက် ပေးပို့တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**ပင်စင်ဦးစီးဌာန(ရုံးချုပ်)**
**ရုံးအမှတ်(၃၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၁၈**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပညာရေးအထောက်အကူပြု နည်းပညာပြပွဲ မကွေးတက္ကသိုလ်၌ ကျင်းပ



**မကွေး ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မကွေးတက္ကသိုလ်၌ နည်းပညာကုမ္ပဏီများ၏ ပြခန်းများနှင့် မကွေးတက္ကသိုလ်ကျောင်းသားများ၏ တီထွင်မှုပြခန်းများပါဝင်သော ပညာရေးအထောက်အကူပြု နည်းပညာပြပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပသည်။

ပြပွဲတွင် မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးကျော်က ပညာရေးအထောက်အကူပြု နည်းပညာပြပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့ပုံများ၊ ယခုနှစ်ပြပွဲတွင် ကျောင်းသား ကျောင်းသူများ၏ တီထွင်မှုများကိုပြသမှု၊ ကုမ္ပဏီများမှ နည်းပစ္စည်းများ ထုတ်လုပ်မှုများကို ပြသမှုအစီအစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းနှင့် မကွေးတက္ကသိုလ်ပါမောက္ခချုပ်တို့က ပညာရေးအထောက်အကူပြုနည်းပညာပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မကွေးတက္ကသိုလ်၏ ပညာရေးအထောက်အကူပြု နည်းပညာပြပွဲသည် ယခုနှစ်ဆိုလျှင် သုံးကြိမ်မြောက်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ၏ တီထွင်ပြသမှုပြခန်း ခုနစ်ခန်းအပါအဝင် ကုမ္ပဏီပြခန်းပေါင်း ၄၄ ခန်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် ပါမောက္ခချုပ်တို့က ပြပွဲဖြစ်မြောက်ရေးအတွက် အဓိကကူညီပံ့ပိုးပေးသော မန္တလေး Technology Group နှင့် ပါဝင်အားဖြည့်ပေးသော ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုမ္ပဏီများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုစကားများ ပြောကြားခဲ့သည်။

ပြပွဲသို့ မကွေးမြို့ပေါ်ရှိ တက္ကသိုလ်၊ ကောလိပ် များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မကွေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ဖဒဲ)**

## မွေးမြူရေးနှင့်စိုက်ပျိုးရေး သင်တန်းဆင်းပွဲကျင်းပ

**ကော့ကရိတ် ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အံဖကြီးကျေးရွာ၌ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု ကျေးရွာအခြေပြုမွေးမြူရေးနှင့် စိုက်ပျိုးရေး သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်က နှုတ်ဆက်စကားပြောကြားကာ ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံး ဗဟိုမွေးမြူရေးနှင့် ငါးဖမ်းဌာနတာဝန်ခံ ဖဒို စောမြမောင်နှင့် KNU-KNLA တပ်ရင်း (၁၈)တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စောကို့ထူးတို့က သင်တန်းသား သင်တန်းသူများအား အားပေးစကားပြောကြားခဲ့ကြသည်။

**စိုးထက်အောင်(ကော့ကရိတ်)**



## မြို့နယ်နှင့် အခြေခံသမဝါယမအသင်းများ တွေ့ဆုံဆွေးနွေး

**မြင်းခြံ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ မြို့နယ်နှင့် အခြေခံသမဝါယမအသင်းများ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်တို့က EXIM Bank ချေးငွေများ ယခုလကုန်လျှင် ပြန်လည်ပေးဆပ်ရတော့မည်ဖြစ်ရာ သတ်မှတ်ကာလအတွင်း မပျက်မကွက်ပေးဆပ်ရန် ထားရှိရမည့် စာရင်းဇယားများကို စနစ်တကျရေးသွင်းရန်နှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား အရစ်ကျရောင်းချပေးမည့် အခြေအနေများကို လည်းကောင်း၊ CB Insurance မှ ဒေါ်သီနွယ်ဦးက မြေအန္တရာယ်အသက်အာမခံနှင့် စုပေါင်းအသက်အာမခံထားရှိရေးကိစ္စကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်တို့က မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့များ၊ အခြေခံသမဝါယမအသင်း ၁၅၄သင်းမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်

**စစ်ကိုင်း ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီဝင်များက ဒီဇင်ဘာ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အမှတ်(၃) ခရိုင်ချင်းဆက်လမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ စစ်ကိုင်းစည်ပင်က ဆောင်ရွက်နေသည့် ဂါလန် ၂၀၀၀၀ ဆံ့ ရေကန်တည်ဆောက်ထားမှုနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်း၊ ပဒူကျေးရွာမှ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံတည်ဆောက်ခြင်း၊ မောင်းထောင်ကျေးရွာ၌ အမကကျောင်းဆောင်သစ်နှင့် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ မြင်းမူမြို့နယ်၌ မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ၊ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြစ်ပေါက် (၂)ဝမ်းပြည့်လျှပ်စစ်မြစ်ရေတင်မှ လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**


**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ဟင်္သာတမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဟင်္သာတမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးနိုင်ရန် လိုအပ်သောဆေးဝါးများ(FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ပေးမည့်ရက်** - ၂၁-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၅ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**ဟင်္သာတမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၄၄-၂၁၀၉၆**



**တင်ဒါပိတ်ရက် ပြင်ဆင်သတ်မှတ်ခြင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးရှိ (က)ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရွှေလီလမ်းနှင့် ပုဏ္ဏမီလမ်းအကြား၊ (ခ)ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရွှေလီလမ်းနှင့် ကမ်းနားလမ်းအကြား၊ (ဂ)ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၂)ရပ်ကွက် Town Centre အပိုင်း(၃)နှင့် (ဃ) သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၈)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်းအနီးတို့တွင် အကျိုးတူအိမ်ရာစီမံကိန်း ဆောင်ရွက်ရန်အတွက် ၂၈-၁၁-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့သော အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ တင်ဒါပိတ်ရက်အား ၁၆-၁-၂၀၁၅ ရက်သို့ ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

**အသေးစိတ်သိရှိလိုပါက စုံစမ်းရန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၂၇**



**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**မိုဘိုင်းရေဒီယိုစခန်းများအတွက်**
**ဖိုင်ဘာသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်နယ်/တိုင်းဒေသကြီးများရှိ ရေဒီယိုစခန်းများအတွက် ဖိုင်ဘာသွယ်တန်းခြင်းလုပ်ငန်း(Turnkey)ဆောင်ရွက်ရန်ရှိပါသည်။ ဆောင်ရွက်လိုသည့် ပြည်တွင်း ကုမ္ပဏီ/အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊ တင်ဒါပုံစံတို့ကို တစ်စုံလျှင် ၅၀၀၀ဝိ/-(ကျပ်ငါးသောင်းတိတိ)ဖြင့် ၂၂-၁၂-၂၀၁၄ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာချုပ်ရုံး**
**ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**နေပြည်တော်(ဒက္ခိဏသီရိအိတ်ချိန်းဝင်း)**
**ဖုန်း-၀၉-၄၄၈၀၀၀၀၂၃**

၃။ တင်ဒါတင်သွင်းမည့်သူသည် လုပ်ငန်းစိတ်ဝင်စားကြေးအဖြစ် တင်ဒါ(၁)စုံ ကျပ်သိန်း ၅၀(ကျပ်ငါးဆယ်သိန်းတိတိ)အား ဌာနသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီရမည့်အပြင် လူကိုယ်တိုင်လာရောက်တင်သွင်းရပါမည်။

၅။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ရုံးချိန် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း တင်သွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**



**မွေးသက္ကရာဇ် အမှန်ဖြစ်ပါကြောင်း**

ကော့ကရိတ်မြို့နယ်၊ ဘားဘုတ်ကျေးရွာနေ ဦးဝင်းထိန်၏သား မောင်စောဝင်းထွန်း ၃/ကကရ(နိုင်)၁၆၀၆၂၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၅-၁၉၉၂ဖြစ်ပါကြောင်း။ **မောင်စောဝင်းထွန်း ၃/ကကရ(နိုင်)၁၆၀၆၂၃ ကော့ကရိတ်မြို့**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်း တိုက်နယ်ဆေးရုံ (၁)ရုံ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၇-၁-၂၀၁၅ ရက် ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း အသေးစိတ်အချက်အလက်များ သိရှိလိုပါက တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့ (ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါ(Open Tender)များခေါ်ယူခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်းမှအောက်ပါပစ္စည်းများကို ကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ကိုပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | 4(e-G)/MTE/Local/2014 | ကွန်ပျူတာနှင့် e-Government လုပ်ငန်းသုံးပစ္စည်း | (၁၀)မျိုး |

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်/အချိန်** - ၂၂-၁၂-၂၀၁၄ ရက် နံနက် ၉း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၁၂-၂၀၁၄ ရက် မွန်းတည့်၁၂း၀၀နာရီ
**တင်ဒါပုံစံတစ်စုံ** - ၂၀၀၀ကျပ်

**အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၂၅၄၆၇၆၊ ၂၅၄၉၁၀၊ ext: ၂၁၁**

# မထသကို ဥပဒေသစ်နှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၁၉၆၂ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီအပါအဝင် မထသအဖွဲ့အစည်းများအားလုံးကို ပြီးခဲ့သည့် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၂/၂၀၁၄)၌ အတည်ပြုအသစ်ပေါ်ပေါက်လာသည့် ပုဂ္ဂလိကမော်တော်ယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေအရ အသစ်ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၁၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးအတွက် လုပ်ငန်းကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ အတည်ပြုခဲ့သည့် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးဥပဒေအရ အဆိုပါဥပဒေ၏ အခန်း (၃)တွင် ပါရှိသည့်အတိုင်း အသစ်ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(မထသ) အစားယခု အသစ်ပြန်လည်ဖွဲ့စည်းမည့် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးလုပ်ငန်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး(ရန်ကုန်)၊ မြန်မာ့ရေနံနှင့်ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ကတော့ အခုလို ဥပဒေနဲ့အညီ ပြောင်းလဲဖွဲ့စည်းဆောင်ရွက်တာ မှန်ကန်တယ်လို့မြင်တယ်။ အခုလို အဖွဲ့အစည်းသစ်ဖြစ်ပေါ်လာမှုကိုလည်း ကြိုဆိုတယ်။ ဒါမှလည်း ဒီထက်ပိုကောင်းတဲ့ အများသယ်ယူပို့ဆောင်မှုစနစ်တွေ ပေါ်ပေါက်လာမယ်။ အခုလိုဖြစ်ဖို့ဆိုတာ ဥပဒေနဲ့ သွားမှပဲရမယ်။ ကျွန်တော်တို့ မထသ(ဗဟို)အနေနဲ့ကတော့ ခေတ်အဆက်ဆက် အထက်က ညွှန်ကြားတဲ့အတိုင်း အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ညွှန်ကြားလုပ်ဆောင်ခဲ့တယ်။ အခုလာမယ့်အဖွဲ့အစည်းက တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးတဲ့ အဖွဲ့အစည်းဖြစ်မယ်ဆိုတော့ နောင်အနာဂတ်မှာ ဒီထက်ပိုကောင်းတဲ့ ဥပဒေတွေ၊စည်းမျဉ်း၊စည်းကမ်းတွေနဲ့ လုပ်ဆောင်မှု ပိုမိုကောင်းမွန်လာဖို့ပဲရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မထသ(ဗဟို)ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က မထသ(ဗဟို)၌ ဒီဇင်ဘာ ၁၇ ရက်က ကျင်းပသည့် မီဒီယာရှင်းလင်းပွဲ၌ ပြောကြားသည်။

၂၀၁၅ခုနှစ်တွင် အသစ်ပြန်လည်ဖွဲ့စည်းမည့် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးလုပ်ငန်း ကြီးကြပ်ကွပ်ကဲရေး အဖွဲ့သည် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲမှုကို ကြီးကြပ်ကွပ်ကဲရန်၊ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းရေးကို ခေတ်စနစ်နဲ့အညီ လုပ်ဆောင်နိုင်ရန်နှင့် သုတေသနလုပ်ငန်းများ၊ စီမံကိန်းများရေးဆွဲခြင်းစသည်တို့ကို ကြီးကြပ်ကွပ်ကဲလုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ခရီးသည်တင်ယာဉ်လိုင်းပေါင်း ၃၆၅ လိုင်းမှ ယာဉ်အစီးရေ ၆၇၀၄ စီးမှတ်ပုံတင်ထားရာ ခရီးသည်တင်ယာဉ် ၄၀၀၀ ကျော်မှာ နေ့စဉ် ခရီးသည် ၂ ဒသမ ၂ သန်းခန့်ကို သယ်ယူပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ မော်တော်ယာဉ်အစီးရေ ခြောက်သိန်းရှိသည့်အနက် စီးပွားရေးအချက်အချာကျပြီး လူဦးရေထူထပ်များပြားသည့် ရန်ကုန်မြို့ကြီး၌ ယာဉ်အစီးရေ လေးသိန်းကျော် နေ့စဉ်သွားလာလျက်ရှိသည်။ အဆိုပါယာဉ်အစီးရေလေးသိန်းကျော်ကို ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမထသ(ဗဟို)၊ မထသမြို့တွင်း၊ မထသခရိုင် စသည့်အဖွဲ့အစည်းများက မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် ပူးပေါင်းကာ သက်ဆိုင်ရာ ထိန်းသိမ်းစစ်ဆေး ကြီးကြပ်မှုကော်မတီများဖွဲ့စည်း၍ နေ့စဉ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။



ရန်ကုန်မြို့တွင်းပြေးဆွဲနေသော မထသ ယာဉ်လိုင်းများကို တွေ့ရစဉ်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

## သတင်းတိုများ

### ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရနှင့်ဆေးဝါးများထောက်ပံ့

ကိုယ်ဝန်ဆောင် မိခင်များအား အာဟာရနှင့်ဆေးဝါးများ ထောက်ပံ့ပွဲကို ဂန့်ဂေါမြို့ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ဒီဇင်ဘာ ၁၆ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်နှင့်အဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရနှင့် ဆေးဝါးများထောက်ပံ့ပေးအပ်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနေမှုနှင့် တိုင်းရင်းဆေးကုဌာနတွင် ဆေးဝါးကုသမှု၊ တိုင်းရင်းဆေးကုဌာနတွင် စိုက်ပျိုးထားသည့် ဆေးဖက်ဝင်အပင်များကို လေ့လာကြည့်ရှုခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဦးမြင့်ဦးက ဆေးဖက်ဝင်အပင်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၁၀၁)**

### ကျန်းမာရေးပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ဆိပ်ကမ်းရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လူထုပညာပေးလုပ်ငန်းအဖြစ် နေအိမ်များတွင် အသုံးပြုနေသည့် ရေတွင်းရေကန်များ၊ သောက်ရေအိုးစင်များမှ ပိုးလောက်လမ်းများကို ရှာဖွေစစ်ဆေးပြီး သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်မှုနှင့် ပညာပေးဆွေးနွေးခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့များ၊ အရန်သားဖွားသင်တန်းသူများက ဒီဇင်ဘာ ၁၇ ရက်က ပူးပေါင်းကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**လဲချား ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ဝမ်စဲ့ကျေးရွာအုပ်စု မတ်လန်းရွာ၌ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာကြည့်တိုက်အတွက် စာအုပ်စာဆောင်များလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် စာကြည့်တိုက်အဆောက်အအုံသစ်ကို ရှမ်းပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ လဲချားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြ၊ လွိုင်လင်ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခမ်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မတ်လန်းကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင် ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြက အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးဌာနမှူး ဦးစိုင်းဆမ်တစ်က ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို ပြည်နယ်ဦးစီးဌာနမှူးနှင့်ဇနီးတို့က လည်းကောင်း၊ စာအုပ်စာစောင်များကို လွိုင်လင်ခရိုင် ဦးစီးအရာရှိ၊ လဲချားမြို့နယ်ပြန်/ဆက်ဦးစီးမှူး၊ မြို့နယ်မိခင်နှင့်ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က လည်းကောင်း ပေးအပ်လှူဒါန်းပြီး ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခမ်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် လဲချားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြခန်းများကို ဒေသခံပြည်သူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

မတ်လန်းကျေးရွာစာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ မတည်ငွေကျပ် ၁၀ သိန်းနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၅ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ကိရိယာများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတွင် တပ်ဆင်အသုံးပြုသွားမည့် ရုံးသုံးစက်ကိရိယာများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| **Lot-1** | **Network ဆက်စပ်ပစ္စည်း** | |
| 1 | Server | 3 No |
| **Lot-2** | **ကွန်ပျူတာများ** | |
| 1 | Computer(Desktop) | 85 No |
| **Lot-3** | **Control Room ဆက်စပ်ပစ္စည်းများ** | |
| 1 | CISCO switch | 2 No |
| 2 | Online UPS | 3 No |
| 3 | 42-U Cabinet (800 x 1100)mm | 2 No |
| 4 | Patchpanel (CAT6) | 2 No |
| 5 | Cable management | 2 No |
| 6 | KVM Monitor, Keyboard, Mouse | 1 No |
| 7 | KVM Switch | 1 No |
| **Lot-4** | **Video Conferencing ဆက်စပ်ပစ္စည်းများ** | |
| 1 | Multi-Conferencing Device | 1 Set |
| 2 | TV (48" LED) | 1 No |
| 3 | LAN Cabling | 1 Point |
| 4 | APC Smart UPS | 1 No |
| **Lot-5** | **Centralized Wifi ဆက်စပ်ပစ္စည်းများ** | |
| 1 | Wifi Access Point | 10 No |
| 2 | Wifi Controller | 1 Set |
| 3 | Electric Power Plug | 10 Point |
| 4 | Network Point Cabling | 30 Point |
| 5 | Network Point Cabling (UTP CAT6) | 10 Point |
| **Lot-6** | **ကွန်ပျူတာဆက်စပ်ပစ္စည်းများ** | |
| 1 | Printer A4 | 15 No |
| 2 | UPS (650 W) | 85 No |
| 3 | Projector | 5 No |
| 4 | Projector (Wall Mount) | 1 No |
| 5 | Fax | 5 No |
| 6 | Scanner A4 | 5 No |
| 7 | Scanner A4 (60ppm) | 10 No |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၂-၁၂-၂၀၁၄ရက်မှ ၃၁-၁၂-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၅၂) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁-၁-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)နေပြည်တော်ရှိ တင်ဒါစိစစ်ရေးအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၃၁၊ ၀၆၇-၄၃၀၁၃၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံဝယ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန | စီးပွားရေးနှင့်ကူးသန်းရောင်း |
| သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာ | ဝယ်ရေးဝန်ကြီးဌာန၊ |
| ပေးရေးဌာနခွဲ | ရုံးအမှတ် (၃)၊ နေပြည်တော် |
| နေပြည်တော်၊ ရုံးအမှတ် (၅၂) | ဖုန်း-၀၆၇-၄၃၀၁၃၁၊ |
| ဖုန်း-၀၆၇-၄၃၀၁၃၁၊ ၀၆၇-၄၃၀၁၃၃ | ၀၆၇-၄၃၀၁၃၃ |

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**



## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် ရွှေရတုအထိမ်းအမှတ်ပွဲတော်ဖိတ်ကြားလွှာ

သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားတုကျွမ်းကျင်သူများ၊ သွားကျန်းမာရေးဆရာမများ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး-
အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လှိုက်လှဲစွာဖိတ်ကြားပါသည်။

| နေ့ရက် | အချိန် | နေရာ |
|---|---|---|
| ၂၆ ဒီဇင်ဘာ ၂၀၁၄ | နံနက် ၉း၃၀ နာရီ | အမှတ် ၅၈၂၊ သံသုမာလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ |
| ၂၇ ဒီဇင်ဘာ ၂၀၁၄ | နံနက် ၇း၃၀ နာရီ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ |

တက္ကသိုလ်ဝင်းအတွင်း ယာဉ်ရပ်နားရန် နေရာအခက်အခဲရှိပါသဖြင့် ကြိုတင်စီစဉ်နိုင်ရန် လေးစားစွာမေတ္တာရပ်ခံပါသည်။

**ကျင်းပရေးဗဟိုကော်မတီ**



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မဟာဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် GPS Device(၃၀)လုံးကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၂၉၄၂၊ ၉ခ/၆၃၁၂ တို့၏ဖောင်းကြွနံပါတ်ပြားများ ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၅၈၆၀၊ ၉ခ/၅၈၅၆ တို့၏ဖောင်းကြွနံပါတ်ပြားများ ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြခန်း ဂန့်ဂေါတွင်ပြသ

**ဂန့်ဂေါ ဒီဇင်ဘာ ၂၀**

သဘာဝပတ်ဝန်းကျင်အခြေအနေများ ပျက်စီးယိုယွင်းလာမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သိသင့်သည့်အချက်များ၊ ဒေသတွင်းဆောင်ရွက်နိုင်သည့် အချက်အလက်များကို ပြည်သူများလွယ်လင့်တကူ လေ့လာသိရှိစေရန်အတွက် ဂန့်ဂေါမြို့နယ် သစ်တောဦးစီးဌာနနှင့် ဂန့်ဂေါမြို့ရှိ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းကို ဂန့်ဂေါမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေပြည်ဆိပ်ဦးစေတီတော်ပုရိဝုဏ်၌ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်က ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်းကို မြို့နယ်သစ်တောဦးစီးဌာနနှင့် ပုညဟိတေသီဆွမ်းဆန်တော်လောင်းလှူရေးအသင်း၊ ကံ့ကော်လူငယ်အဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ပြသခြင်းဖြစ်ပြီး ပြခန်းတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ မိမိဒေသအကြောင်း၊ စားသုံးသူပညာပေးကဏ္ဍ၊ သစ်တော၏ တန်ဖိုးနှင့် သစ်တောနှင့်သစ်ပင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖောက်ပြန်ပြောင်းလဲနေသော ရာသီဥတုအခြေအနေ၊ ဂန့်ဂေါမြို့တွင် ကျင်းပသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာစီစာကုံးပြိုင်ပွဲမှ ဆုရစာမူများ စသည်ဖြင့် ဝေဝေဆာဆာခင်းကျင်းပြသထားပြီး ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ပြခန်းအပြင် ဒီဇင်ဘာ ၁၇ ရက်ညတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကိုလည်း ကျင်းပခဲ့ပြီး စာရေးဆရာများက နက်ရှိုင်းဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်၊ အနာဂတ်ကမ္ဘာနှင့် ရေချိုအရင်းအမြစ်များ ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ခရိုင်အဆင့်ကော်မတီဝင်များ အသိပညာပေးသင်တန်းဖွင့်

**လပွတ္တာ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်တွင် ခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များနှင့် အမျိုးသမီးရေးရာကော်မတီဝင်များအတွက် အသိပညာပေးသင်တန်းကို လပွတ္တာမြို့သစ် လူငယ့်အားမာန်သင်တန်း၌ ဒီဇင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စောမူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်မေနုက ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံကလေးသူငယ်ဥပဒေအကြောင်းအရာကို လည်းကောင်း၊ Save the Children မှ ဒေါ်ဝါဝါသင်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြောင်းမြခရိုင် လူမှုဝန်ထမ်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သီတာအောင်က အမျိုးသား အမျိုးသမီး လူမှုရေးရာတန်းတူညီမျှမှု၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို လည်းကောင်း၊ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု(၇) ပုသိမ်မှ ရဲမှူးခင်ခင်စိုးက အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေးတို့ကို လည်းကောင်း ဟောပြောသည်။



ထို့နောက် သင်တန်းဆရာ ဆရာမများက သင်တန်းများ ဆက်လက်ပို့ချခဲ့ရာ လပွတ္တာခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဝင်များနှင့် အမျိုးသမီးရေးရာကော်မတီဝင် ၄၄ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရွာသာကျေးရွာ မြေသားဖြတ်လမ်းဖောက်လုပ်မှု ဒီဇင်ဘာလကုန်တွင် အပြီးသတ်ဆောင်ရွက်မည်

**ရေစကြို ဒီဇင်ဘာ ၂၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ရွာသာကျေးရွာမှ ပခန်းကြီး-ပခန်းငယ်လမ်းသို့ မြေသားဖြတ်လမ်းဖောက်လုပ်ခြင်းကို ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေသားဖြတ်လမ်းဖောက်လုပ်ခြင်းအတွက် လုပ်ငန်းပြီးစီးရမည့် နောက်ဆုံးသတ်မှတ်ရက်ကို မတ်လကုန်အထိ ခွင့်ပြုထားသော်လည်း ဒီဇင်ဘာလကုန်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရွာသာကျေးရွာမှ ပခန်းကြီး -ပခန်းငယ်လမ်းပေါ်ရှိ ချိုင့်ကြီးတံတား(၁) အထိ လမ်းအရှည်တစ်မိုင်ခန့်ကို အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေရှိ မြေသားလမ်းဖောက်လုပ်ခြင်းဖြစ်ပြီး ရွာသာကျေးရွာမှ ချိုင့်ကြီးတံတား(၁)အထိ မူရင်းလမ်းဟောင်းအတိုင်းသွားပါက နှစ်မိုင်ကျော်ခန့် ဝေးကြောင်းနှင့် လမ်းသစ်မှာ တစ်မိုင်သာရှိသဖြင့် ယခင်ထက် မြန်ဆန်စွာ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည်။

**အိမွန်ဆွေ(ရေစကြို)**

# နာနေသည့်ကြက်များ ရောင်းဝယ်မှုရှိနေ

**ရေတာရှည် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆောင်းရာသီရောက်တိုင်း ကျေးလက်တောရွာများတွင် ကြက်နာကျ သေဆုံးမှုများရှိနေပြီး ကြက်ဝယ်ရောင်းသူများက ကြက်များကို လိုက်လံဝယ်ယူရာတွင် နာနေသည့် ကြက်များကိုပါ ရောနှော၍ အိမ်တိုင်ရာရောက် လိုက်လံဝယ်ယူကာ စည်ပင်သာယာဈေးများတွင် ရောင်းချမှုများရှိနေကြောင်း သိရသည်။

"ညနေရောက်ရင် ကြက်ဝယ်သူတွေလာတယ်။ ကောင်းတဲ့ကြက်ရော နာနေတဲ့ကြက်တွေပါရောပြီးရောင်းတာ။ ဈေးကိုရောက်တော့ စားသုံးသူတွေက ကြက်နာတာ၊ ကောင်းတာကို သိတာမှမဟုတ်တာ။ ငွေအကုန်အကျခံဝယ်စားပြီးတော့မှ ကျန်းမာရေးထိခိုက်တာတော့ လုံးဝမသင့်ပါဘူး"ဟု ဆွာမြို့ခံတစ်ဦးက ပြောပြသည်။

ကြက်များသည် ရာသီအလိုက်ရောဂါများဖြစ်ပွားလေ့ရှိပြီး ဆောင်းရာသီတွင် အဓိကဖြစ်ပွားတတ်သည်မှာ ကြက်လည်လိမ်ရောဂါဖြစ်ပွားတတ်ကြောင်း သိရသည်။ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက "ဘာရောဂါလဲလို့ဆိုတာက ကြက်မှာရှိတဲ့ သွေး၊ လည်ချောင်းထဲက ချွဲ၊ သလိပ်နဲ့ မစင်ကို ဓာတ်ခွဲခန်းကိုပို့ပြီး ဓာတ်ခွဲစမ်းသပ်ပြီးမှပြောလို့ရမှာပါ။ ထင်မြင်ချက် အနေနဲ့ကတော့ ဆောင်းရာသီမှာ ဖြစ်ပွားလေ့ရှိတာကတော့ ကြက်လည်လိမ် ရောဂါပေါ့။ ကြက်ကမှိုင်ပြီး မစားဘဲနေမယ်။ သုံးရက်လောက်ကြာရင်လဲကျ ပြီးသေသွားမယ်။ နောက်မသေဘဲကျန်ခဲ့တဲ့ကြက်ဆိုရင်လည်း လည်ပင်းလိမ်ပြီး မိုးမော့သလိုမျိုးဖြစ်နေမယ်ဆိုရင် ကြက်လည်လိမ်ရောဂါလို့ ယေဘုယျအားဖြင့် ပြောနိုင်တာပေါ့။ အဲဒီရောဂါဖြစ်တဲ့ကြက်တွေကို မစားသင့်ပါဘူး။ ကျန်းမာရေးအတွက် အနည်းနဲ့အများတော့ ထိခိုက်နိုင်ပါတယ်"ဟု ပြောသည်။ ရေတာရှည်မြို့နယ်အတွင်း ရောဂါရှိကြက်များ ရောနှောရောင်းချမှုကို တာဝန်ရှိသူများက တားမြစ်သင့်ကြောင်း မြို့ခံပြည်သူအချို့က ပြောဆိုမှုများ ရှိနေသည်။

**ကိုလွင်(ဆွာ)**

# မဟာဗျူဟာလမ်းနှင့် ကျေးရွာဆက်လမ်း ကျောက်ချောခင်းမည်

**သပိတ်ကျင်း ဒီဇင်ဘာ ၂၀**

သပိတ်ကျင်းမြို့နယ်အတွင်း ကျောက်ဖျာကျေးရွာနှင့် မန္တလေး-ဗန်းမော် မဟာဗျူဟာလမ်းမကြီး ဆက်သွယ်ထားသည့် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၁၁ လက်မ ကျေးလက်လမ်းကျောက်ချောခင်းခြင်းကို Royal Design ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်းနှင့် ဝန်ထမ်းများသည် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုကို ဒီဇင်ဘာ ၁၇ ရက်က သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါလမ်းသည် အရှည်လေးမိုင်ရှိပြီး ယခုဘဏ္ဍာရေးနှစ်တွင် နှစ်မိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိနေသည့် နှစ်မိုင်လမ်းပိုင်းကိုလည်း နောင်လာမည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောင်ရွက်နိုင်ရေး ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ ကျေးရွာကျောက်ချောလမ်းခင်းရန် လမ်းခင်းကျောက်များကိုလည်း ဒေသပတ်ဝန်းကျင်မှထွက်သည့် ကျောက်များကို စုဆောင်းထားသဖြင့် ဒေသခံပြည်သူများ လုပ်ငန်းများရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းများကောင်းမွန်ရေး၊ ကျေးလက်ဒေသများဖွံ့ဖြိုးပြီး ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်မရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**


## ပုသိမ်တက္ကသိုလ်ရက္ခဗေဒမိသားစု ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၁၆း၀၀နာရီတွင် ပုသိမ်တက္ကသိုလ်ခမ်းမရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ကန်တော့ကြပါရန်နှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်**

| | |
|---|---|
| ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာညွှန့်ဖေ | ဖုန်း-၀၉-၈၅၅၄၂၆၉ |
| ပါမောက္ခ(ဌာနမှူး)ဒေါက်တာကေသီမြ | ဖုန်း-၀၉-၂၅၀၂၃၆၂၇၁ |
| ပါမောက္ခဒေါက်တာဝါဝါလွင် | ဖုန်း-၀၉-၅၄၀၁၇၈၄ |
| ဒေါက်တာဆွေဆွေမြတ် | ဖုန်း-၀၉-၂၅၄၅၉၀၁၄၃ |
| ဦးဝင်းသိဏ်း | ဖုန်း-၀၉-၈၅၇၃၀၇၉ |
| ဦးရန်မျိုးအောင် | ဖုန်း-၀၉-၄၅၁၂၂၉၉၇၅ |
| ဦးစိုးလှိုင်ဦး | ဖုန်း-၀၉-၄၂၂၄၈၆၃၄၅ |
| ဦးအော်စကာ | ဖုန်း-၀၉-၂၅၀၇၅၅၂၇၃ |
| ဦးအောင်ကျော်မြင့် | ဖုန်း-၀၉-၅၂၀၂၀၃၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၈ယ/၉၀၆၃၂ Honda Wave NF 110 TM ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဟွမ် ၁၃/မဖန(နိုင်)၀၀၂၁၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၃၂၆၁ Toyota Corolla, S/L (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦး/ပိုင်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**


## ငွေချေးထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၈၉

ဒေါ်မြမြဝင်း နှင့် ၁။ ဦးစန်သိမ်း
၂။ ဦးမြင့်သောင်း ] အတူနေ
၃။ ဒေါ်မီမီသန်း ] မောင်နှမ
၄။ ဒေါ်သန်းသန်းလှ

**တရားလို** **တရားပြိုင်များ**

ဦးစန်သိမ်း အမှတ်(၁)တရားပြိုင်၊ အမှတ် ၆၉၈၊ လောပိတလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် ဦးမြင့်သောင်း အမှတ်(၂)တရားပြိုင် ဒေါ်မီမီသန်း အမှတ်(၃)တရားပြိုင်(အတူနေမောင်နှမ)၊ အမှတ် ၀၀၂၊ တိုက်အမှတ် ၇၊ မြင်ဟေဝန်အိမ်ရာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ(ယခုလိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းတို့ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်(၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူတို့ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**


## သင့်သွေးဖြင့် အသက်ကယ်ပါ

## မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၃)ဗဟန်း ယခင်အလက(၄)ဗဟန်း Y.M.B.Aကျောင်း ၁၉၆၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်း သူငယ်ချင်းများစုံညီစွာ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၂၈-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၈း၃၀ နာရီမှ ၁၂း၀၀ နာရီအထိ
**နေရာ** - အထက(၃)ဗဟန်း (အောင်ဆန်းခန်းမ)

**လှူဒါန်းလိုသူများဆက်သွယ်ရန်**

| | |
|---|---|
| ဦးကိုကိုကြီး(ဆင်မင်းဆပ်ပြာ) | ဖုန်း-၀၉-၇၃၁၅၁၈၅၈ |
| ဦးမြင့်စိုး (တော်ဝင်မြင့်မြတ်သူ Co.,Ltd.) | ဖုန်း-၀၉-၅၁၀၁၄၇၂ |
| မသင်းသင်းလွင် | ဖုန်း-၀၉-၇၃၀၁၆၁၃၈ |
| ဦးလှထွေး(ရှိမိုစားသောက်ဆိုင်) | ဖုန်း-၀၉-၅၁၆၂၉၁၉ |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၈၃၂၅၄ Suzuki smash 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၈/မတန(နိုင်)၀၀၈၄၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)၊ သရက်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/7906 KIA Bongo III COACH minibus(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်သွယ်စန်း ၉/စကန(နိုင်)၀၅၃၁၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## ဖြူးမြို့၊ မဟာစည်သာသနာ့ရိပ်သာ
## ကျေးဇူးရှင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၏ စံလွန်တော်မူခဲ့ရာ (၅)နှစ်ပြည့်ရည်စူးသည့် ကျေးဇူးဆပ်ကုသိုလ်တော်ပွဲနှင့် ဓမ္မဝိဟာရီသံသရာအေးယောဂီကျောင်းဆောင်
# ရေစက်ချပွဲဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျေးဇူးရှင်ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၏ စံလွန်တော်မူခဲ့ရာ (၅)နှစ်ပြည့်ရည်စူးသည့် ကုသိုလ်တော်ပွဲနှင့် **ဓမ္မဝိဟာရီသံသရာအေးယောဂီကျောင်းဆောင်** ရေစက်ချပွဲကြီးကို ၁၃၇၆ခုနှစ် ပြာသိုလဆန်း ၅ရက်၊ ၂၅-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ဖြူးမဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ ဦးဆောင်၍ဖြူးဆရာတော်ကြီး၏ မွေးထုတ်ပေးထားသော ဖြူးတပည့် ဓမ္မကထိက အရှင်သူများနှင့် ဗုဒ္ဓသာသနာနုဂ္ဂဟဖြူးမဟာစည်အကျိုးဆောင်အဖွဲ့တို့ စုပေါင်းပြုလုပ်အပ်သော ဆရာ့ကျေးဇူးဆပ် ကုသိုလ်တော်ပွဲကြီးကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမတို့အား ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ထိုကုသိုလ်ပွဲကြီးကို ပါဝင်လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၀၅၄-၄၀၀၁၂၊ ၀၅၄-၄၀၇၇၁၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၃၉၀၅၂၁၊ ၀၉-၂၅၀၂၁၄၉၇၇၊ ၀၉-၅၃၉၀၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### ဖြူးဆရာတော် ကျေးဇူးဆပ်အထူးတရားပွဲကြီး

| | | |
|---|---|---|
| ၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၄ ရက်<br>၂၄-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) | - | (သီတဂူကြယ်တစ်ပွင့်)အရှင်ပညာနန္ဒ<br>ဓမ္မကထိကဗဟုဇနဟိတဓရ၊ ငြိမ်းချမ်းရွှေပြည်ကျောင်း၊<br>ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၃၇၆ ခုနှစ် ပြာလိုလဆန်း ၅ ရက်<br>၂၅-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) | - | (ဗန်းမော်ဆရာတော်) ဒေါက်တာအရှင်ကုမာရာဘိဝံသ<br>အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ |
| ၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၆ ရက်<br>၂၆-၁၂-၂၀၁၄ရက် (သောကြာနေ့) | - | (ကျိုက်ထိုဆရာတော်) အရှင်နန္ဒောဘာသာဘိဝံသ<br>အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြို့မ မရမ်းချို။<br>အောင်သစ္စာကျောင်းတိုက်၊ ကျိုက်ထိုမြို့။ |
| ၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၇ ရက်<br>၂၇-၁၂-၂၀၁၄ရက် (စနေနေ့) | - | ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (ဖြူးမဟာစည်) M.A.Ph.D<br>ပြည်တွင်းပြည်ပမဟာစည်နာယက၊ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ၊<br>မဟာစည်သာသနာရိပ်သာ၊ ဖြူးမြို့။ |
| ၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၈ ရက်<br>၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) | - | သစ္စာရွှေစည်ဆရာတော် (အရှင်ဥတ္တမ)<br>သစ္စာရွှေစည်ကျောင်းတိုက်၊ စစ်ကိုင်းမြို့ |

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်
# ရွှေရတုအထိမ်းအမှတ်ပွဲတော် ဖိတ်ကြားလွှာ

သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားတုကျွမ်းကျင်များ၊ သွားကျန်းမာရေးဆရာမများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူ များအားလုံး အောက်ပါအစီအစဉ်အတိုင်း ပါဝင်ဆင်နွှဲကြရန် လှိုက်လှဲစွာဖိတ်ကြားအပ်ပါသည်။

| ၂၆ ဒီဇင်ဘာ ၂၀၁၄ | ၂၇ ဒီဇင်ဘာ ၂၀၁၄ | ၂၈ ဒီဇင်ဘာ ၂၀၁၄ |
|---|---|---|
| ရွှေရတုခန်းမအုတ်မြစ်ချခြင်း(နံနက် ၈း၀၀နာရီ) | မုခ်ဦးဖွင့်လှစ်ခြင်း (နံနက် ၈း၀၀နာရီ) | လှေလှောရေးခရီး |
| နေ့ဆွမ်းဆက်ကပ်ခြင်း | ဆရာကြီးဦးအောင်သန်းရုပ်တုဖွင့်လှစ်ခြင်း | ဂေါက်သီးရိုက်ပြိုင်ပွဲ |
| ပျော်ပွဲရွှင်ပွဲ | ပညာရပ်ဆိုင်ရာပြခန်းများဖွင့်လှစ်ခြင်း | အားကစားပြိုင်ပွဲများ |
| ပြုံးအလှဧကရီပြိုင်ပွဲ | ပညာရပ်ဆိုင်ရာဟောပြောပွဲ၊ ပျော်ပွဲရွှင်ပွဲ | |
| ဖျော်ဖြေရေး (တေးဂီတ၊ ပြဇာတ်၊ အငြိမ့်) | ဖျော်ဖြေရေး (တေးဂီတ၊ ပြဇာတ်၊ အငြိမ့်) | |
| | ရွှေရတုညစာစားပွဲ | |
| | (ကန်တော်ကြီးပဲလေ့စ်ဟိုတယ်) | |

**(သီးခြားဖိတ်စာမပေးပို့ပါ)**

**ကျင်းပရေးဗဟိုကော်မတီ**

**ဖုန်း-၀၉-၅၁၉၀၅၂၄၊ ၀၉-၅၁၇၂၁၅၄၊ ၀၉-၅၀၂၇၃၆၂**

## အိမ်ရောင်းရန်

ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းမပေါ်၊ အချက်အချာကျ၊ နေရာကောင်း၊ Delta Plaza၊ 3-MBR၊ ပါကေးကပ်၊ ကြွေပြားခင်း။ ရေ၊ မီး၊ ဖုန်း အပါအဝင်။ (ပွဲစားမလို)

**ဖုန်း-၀၉-၃၀၀၉၅၆၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၊ နယ်မြေ (၁၁)အတွင်းရှိ အကွက်အမှတ် (ငါးပါးသီလကျောင်း အကွက်)၊ ဦးပိုင်အမှတ် ၁၁၃၀၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ကျွန်တော်၏ ဖခင်ဦးတွမ်းဂူး ၁၃/လရန(နိုင်)၀၇၂၁၇၂၏ အမည်ပေါက် မြေပေးမိန့်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်မိတ္တူလျှောက် ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးတွမ်ချင်ဟို (ခ) ဦးထွန်းဝေ ၁၃/လရန(နိုင်)၀၈၆၂၆၂**
**ရပ်ကွက်(၅)၊ နယ်မြေ (၁၁)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၄၄၀၇၉ ယာဉ် လက်ဝယ်ရှိသူ ဦးသန်းဇော်ဝင်း ၁၄/မအပ(နိုင်)၀၆၅၅၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ (၈)၊ ဦးပိုင်အမှတ် (၁၄၄/က)၊ မြေချိန် ဧရိယာ ၀ ဒသမ၂၆၅ဧက၊ ဂရန်အမှတ်တွဲ အမှတ် ၅၁-၅/၉၅-၉၆ (A)အား အမည်ပေါက်ပိုင်ဆိုင်သူဒေါ်လီရှော်ဆီ ၁၃/လရန(နိုင်)၀၅၀၇၁၃၏ မြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်မိတ္တူမှန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်လီရှော်ဆီ ၁၃/လရန(နိုင်)၀၅၀၇၁၃**
**ရပ်ကွက် (၈)၊ နယ်မြေ (၈)၊**
**အိမ်အမှတ် (ဇ/၈/၇၄)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒက္ခိဏခရိုင်တရားရုံးတော်၌
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၇၇

ဦးကျော်စိုး(ခ)ဦးပိုက်လေး **နှင့်** ဦးချစ်
**တရားလို** **တရားပြိုင်**

ဦးချစ်(ဘီဒဗလျူ-၀၀၄၀၇၀) (ဘ)ဦးမောင်ကို၊ မင်္ဂလာသာစံရပ်၊ ပျဉ်းမနားမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပျဉ်းမနားမြို့၊ မင်္ဂလာသာစံရပ်၊ ဦးပိုင်အမှတ် ၄၉၊ ဧရိယာ ၀ ဒသမ ၀၈၀ ဧက၊ တောင်မြောက် ၉၉ ပေ၊ အရှေ့အနောက် ၉၃ ပေရှိ ဘိုးဘွားပိုင်မြေအား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးအောင်)**
**ခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊(၈)မိုင်ခွဲနေ
ဦးကျော်ဇော (ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန-ရုံးချုပ်၊ နေပြည်တော်)-ဒေါ်မာမာသိန်းတို့၏ သားငယ်

**ဒေါက်တာကျော်မိုးဟိန်း B.D.S(Ygn)**

**နှင့်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ လှတောရွာနေ ဦးမြင့်သိန်း (သစ်တောဦးစီးဌာန)-ဒေါ်ခင်ဆောင်းတို့၏သမီးကြီး

**ဒေါက်တာသဲပွင့်ဦး B.D.S(Ygn)**

တို့အား ၂၀-၁၁-၂၀၁၄ ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်မီမီဟန်အားလည်းကောင်း၊ ၁၄-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) MICC II (နေပြည်တော်)တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်၊ မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့်ဇနီး ဒေါ်နွယ်နွယ်ယုတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသူရိန်လွင် (MRTV)၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော မမြမြဝင်း(MRTV)၊ မင်္ဂလာစောင်းတီးခတ်ပေးပါသော ရွှေတံဆိပ်ဆုရှင်မဏိသာ၊ မင်္ဂလာပန်းကြဲပေးပါသော မဇူလိုင်ကျော်ဇော၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ် ကလပ်များကိုင်ဆောင်ပေးပါသော ဒေါက်တာသီတာလင်းရွှေနှင့် ဒေါက်တာခင်ဇာဝင်း၊ မင်္ဂလာသတို့သား အရံများအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာဖြိုးသူအောင်နှင့် မောင်ဟိန်းမာန်လင်း၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာဝင်းလဲ့ဖြူနှင့် မကျော့ကျော့ခိုင်၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်၊ ဆံပင်နှင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မိတ်ကပ် (ရွှေကြည်)နှင့်အဖွဲ့သားများ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော ဘဲလေးဓာတ်ပုံတိုက်(နေပြည်တော်)၊ အခမ်းအနားအတွက် အစစအရာရာစီစဉ်ဆောင်ရွက်ပေးပါသော MICC II မှ တာဝန်ရှိသူများ၊ အကျွေးအမွေးနှင့် အခမ်းအနားပြင်ဆင်ပေးပါသော ဘောဂသိဒ္ဓိစားသောက်ဆိုင်၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပို့ဆောင်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးများ၊ မိတ်ဆွေ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဒေါက်တာကျော်မိုးဟိန်း-ဒေါက်တာသဲပွင့်ဦး**

## အထက (၂) ဗဟန်း (နန်းယန်)
## ရွှေရတုအထိမ်းအမှတ်ပွဲနှင့် ဒသမအကြိမ်
# အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

**နေ့ရက်** - ၂၈-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

**နေရာ** - အထက (၂) ဗဟန်း၊ ရွှေနန်းယန်ခန်းမ

**အချိန်** - နံနက် ၉ နာရီ

ကွယ်လွန်လေပြီးသော ဆရာ၊ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများအား ရည်စူး၍ နံနက် ၅နာရီတွင် သံဃာအပါး ၅၀အား အရဏ်ဆွမ်းကပ်လှူဒါန်းပြီး အမှျပေးဝေမည့် အစီအစဉ်သို့လည်း ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ(ယာယီ)**
**ကျောင်းသားဟောင်းရုံးခန်း ဖုန်း-၀၉-၃၀၀၅၁၆၆၆**

## အများသိစေရန်သတိပေးကြေညာချက်

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဦးမြင့်သိန်း ၉/လဝန(နိုင်)၀၇၃၂၆၃၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာနေပြည်တော်လယ်ဝေးမြို့နယ်၊ သာဝတ္တိကျေးရွာအုပ်စု ကြံခင်းရပ်ကွက်ရှိ မိဖုရားကုန်းကွင်းအမှတ်(၁၇၄၀)၊ ရှာမြေ ၀ဒသမ၂၃ ဧကကျယ်ဝန်းသော အိမ်ဝိုင်းခြံမြေကွက်မှာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်သိန်းက ပိုင်ရှင် ဒေါ်စိန်မေထံမှ လယ်ဝေးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးထံတွင် ၁၉၉၄ ခုနှစ်မှတ်ပုံတင်စာချုပ်အမှတ် (၅)အရ တရားဝင်စာချုပ်ချုပ်ဆို ဝယ်ယူထားသောမြေကွက်ဖြစ်ပါသည်။ ပိုင်ရှင် ဒေါ်စိန်မေ တစ်သက်တာနေခွင့်ပြုထားခြင်းဖြစ်ပါသည်။ ယခုအခါ ဒေါ်စိန်မေ ကွယ်လွန်ပြီးဖြစ်၍ အထက်ပါမြေကွက်အားမည်သူတစ်ဦးတစ်ယောက်မျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်တားမြစ်အပ်ပါသည်။ ကျူးလွန်ဆောင်ရွက်ပါကပြုလုပ်သူများတာဝန်သာဖြစ်ကြောင်းနှင့် ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်သိန်း၏ညွှန်ကြားချက်အရ-**

**ဒေါ်မြင့်မြင့်နွယ် (စဉ်-၃၆၄၀၈)** **အထက်တန်းရှေ့နေ**

**ဒေါ်စိုးမြတ်လှိုင်ထွန်း (စဉ်-၃၇၀၂၂)** **အထက်တန်းရှေ့နေ**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၃ရပ်ကွက်၊ သီရိမြိုင် ၃လမ်း၊ ပထမထပ်(မှန်ခန်း)၊C-2/ ခြေရင်းခန်း၊ အမှတ် ၁၄ ဟုခေါ်တွင်သည့် သုံးထပ်တိုက်အဆောက်အအုံရှိ အကျယ်အဝန်း(၁၂ ၁/၂ပေ×ပေ၅၀)ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဒေါ်မေဇင်အိ ၁၂/လမန(နိုင်)၁၂၄၃၂၈ မှ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည့် တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မေဇင်အိထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကစာချုပ်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့်ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြတ်ဖြိုးသူ ၁၂/လမန(နိုင်)၁၄၀၅၆၄**
**ဖုန်း-၀၉-၄၃၀၉၀၅၇၈**

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)ထူပါရုံ၊မြေကွက်အမှတ် ၁၄၅၁/က၊ မြေကွက်တည်နေရာအမှတ် ၁၄၅၁/က၊ ထူပါရုံ(၁၂)လမ်း၊ ၁ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးအေးရွှေ)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဒေါ်အေးအေးနွဲ့မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်၉၃ဖြင့်ဦးအေးရွှေအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ် ၈၀ အမိန့်တို့တင် ပြ၍တရားရုံးကိုယ်စားဘိလစ် ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇/အနောက်၊မြေကွက်အမှတ် ၆၂၆/က၊ မြေကွက်တည်နေရာအမှတ် ၆၂၆/က၊ မြေနီ၄လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမောင်ချစ်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးမောင်ချစ်(ဖခင်)နှင့်ဒေါ်စိန်လှ(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်မြခင် ၁၄/ဓနဖ(နိုင်)၀၀၉၂၁၈ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၇၆၉/၂၀၁၄)ရသူ ဒေါ်နန်းချိုချိုထွန်း ၁၂/သကတ(နိုင်)၁၂၄၆၆၉မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ဆည်မြို့နယ်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၁**

ဒေါ်မြမြ **နှင့်** ဦးစောဟန် ပါ(၇)
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊မေယု ၄လမ်း၊ (က)ရပ်ကွက်နေ ဦးစောဟန် (ဘ)ဦးထွန်းတင် သိစေရမည်။

သင်တို့အပေါ်၌ ကျောက်ဆည်မြို့နယ်၊ ဇရပ်ဖြူကျေးရွာနေ ဒေါ်မြမြမှ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃၁ ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားပြိုင်မှစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်ပြလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်ပါသည်။

**(မေစိမ့်စမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျောက်ဆည်မြို့နယ်တရားရုံး**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်မြင့်(ခ)စောကျင်းဝမ်း**
**(တိုးတိုးအာလူးကြော်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ သုမန ၄လမ်း၊ အမှတ်(၈၆၁) နေ ဦးအောင်မြင့်(ခ)စောကျင်းဝမ်းသည် ၁၄-၁၂-၂၀၁၄ ရက် နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ထွန်းလွင်-ဒေါ်ကျော့ကျော့စန်း**
**ရှမ်းရွှေတောင် စားသောက်ကုန်လုပ်ငန်း**
**မန္တလေးမြို့**

### ဝမ်းနည်းကြေကွဲခြင်း

**ဥက္ကဋ္ဌကြီး ဦးတင်အောင်**
**အသက်(၇၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ မြို့နယ်ဥပထမ္ဘကဥက္ကဋ္ဌကြီး ဦးတင်အောင်သည် ၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၆ရက် ၁၂-၁၂-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြို့နယ်ဥပထမ္ဘကသာသနာပြုအဖွဲ့**
**မြင်းခြံမြို့**

### အကြောင်းကြားစာ

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို**
**အယူခံတရားပြိုင်သို့ ကြားသိစေသည့်**

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၄ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၁၉၄**

ဦးအောင်မြင့် **နှင့်** ဒေါ်တင်ရီ(ကွယ်လွန်သူ ဦးညွန့်ဝင်း၏တရားဝင်ကိုယ်စားလှယ်၊ ၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးမင်းသူ)ပါ-၂
**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၄ ခုနှစ် ဇူလိုင် ၂၅ရက်စွဲပါ မန္တလေးခရိုင် နယ်တရားမရုံးတော်မှ မကြီး ၄၅၄/၂၀၁၁ ကို အယူခံမှု။

အယူခံတရားပြိုင် ၂။ဦးလှမျိုးနိုင် အကွက်(မမ-၆)၊ ဦးပိုင်(၄၅)၊ မြရည်နန္ဒာရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင် တရားရုံးက ချမှတ်ပေးသည့်ဒီကရီကို ဦးအောင်မြင့်က အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃၁ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၁၁ရက်)တွင် ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

**တင်ထွေးဦး**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ထင်လေး**
**အသက်(၉၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်စီကုန်းလမ်း၊ အမှတ် ၁၉(A) နေ ဦးစိုးဝင်း(အင်ဂျင်နီယာ-ငြိမ်း)-ဒေါ်ခင်နှင်းသူ၊ ဦးမြမောင်-ဒေါ်အေးအေးခိုင် (ပလတ်စတစ်လုပ်ငန်း)၊ ဦး စိုးလင်း(ဦးစီးအရာရှိ၊ ဆမ-ငြိမ်း)-ဒေါ်နန်းလောင်ခမ်း၊ ဦးစိုးမင်း (အင်ဂျင်နီယာမှူးကြီးအထူးစီမံကိန်းကြီးအဖွဲ့-၄၊ ဇရာ ဝတီတံတား၊ ထီးချိုင့်)-ဒေါ်နုနုလတ်၊ ဦးနီဝင်း-ဒေါ်တိုးတိုး(ပလတ်စတစ်လုပ် ငန်း)၊ဦးစန်းရွှေ-ဒေါ်ဝင်းရီ(ပလတ်စတစ်လုပ်ငန်း)၊ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းအောင်-ဒေါ်ဝင်းကြည်တို့၏မိခင်၊ မြေး၁၈ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား၊ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး(ဦးလှမောင်)၏ ဇနီးသည် ၁၉-၁၂-၂၀၁၄ရက် ညနေ၄နာရီတွင် လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ မယ်စီကုန်းလမ်း၊ အမှတ် ၁၉(A)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ ထွက်ခွာပါမည်။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

**ဒေါ်စောကျင် အသက်(၈၇)နှစ်**
**မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ် ၅၉နေ (ဦးကျော်ငါး-ဒေါ်သိန်း)တို့၏သမီး၊ (ဦးကာဝါ)-ဒေါ်စောတင်တို့၏ညီမ၊ (ဦးအောင်တင်)၏ဇနီး၊ (ဦးသက်ဦးမောင်)-ဒေါ်ဝင်းကြည်၊ ဦးလွင်ဦး( KZO သံနှင့် ဘိလပ်မြေရောင်းဝယ်ရေး)-ဒေါ်ရွှေအေး၊ ဦးသိန်းတင်-ဒေါ်ဖြူဖြူအေး(Nobel Beauty Business Group)၊ ဦးကျင်စိန်-ဒေါ်နီနီအေး(TA-FA Trading Co., Ltd.)၊ ဦးဇော်ဦး(ခ)ကိုပေါက်-ဒေါ်စန္ဒာမြင့်(အေးမေတ္တာသစ်ဆိုင်၊ မုဒိတာသက်န်းတိုက်)၊ ဦးစိုင်ဟူ-ဒေါ်ဝါဝါအေး(Seven Diamond Dragon Trading Co.,Ltd.)၊ ဒေါ်မာလာအောင်(Seven Diamond Dragon Trading Co.,Ltd.) တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၉-၁၂-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၄ရက်(တနင်္ဂနွေ နေ့) ညနေ ၃နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဗိုလ်ကြီးခင်မောင်မြင့် (ငြိမ်း)**
**ကြည်း-၁၃၀၉၉**
**DSA-16**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏအမှတ်(၁)၊ဇေယျာသုခလမ်းနေ ဒုတိယဗိုလ်မှူးကြီး လှစိန်(ငြိမ်း)-ဒေါ်မြင့်မြင့်တင်တို့၏သား၊(ဦးကံရှိန်)-ဒေါ်အေးသိန်းတို့၏သားသမက်၊ ဒေါ်ခင်ခင်နီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဟိန်းသူရစိုး၏ ချစ်လှစွာသောဖခင်၊ ဦးခင်မောင်စိုး-ဒေါ်မိမိစိန်တို့၏ညီ၊ ဦးထွန်းလှအောင်-ဒေါ်နွယ်နွယ်မြင့်၊ ဦးမင်းဇော်-ဒေါ်အေးအေးမြ၊ ဦးအောင်စိုး-ဒေါ်ချိုချိုဦး၊ ဒေါ်မိုးမိုးခိုင်၊ ဦးကျော် ကျော်ဦး-ဒေါ်မီမီခိုင်တို့၏အစ်ကိုသည် ၁၉-၁၂-၂၀၁၄ရက်(သောကြာနေ့)နံနက် ၁၁း၄၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယိကာမကြီး

**ဒေါ်ခင်ဝင်းကြည် (Grace Ni) မြို့မကျောင်းသူဟောင်း**
**အမှုဆောင်ရွှေကျင်မြို့နယ်အသင်း၊ ရန်ကုန်**
**အသက်(၈၄)နှစ်**

ရွှေကျင်မြို့နေ (ဦးနီ၊ ဒေါ်ခင်မြင့်၊ ဒေါ်သန်းစိန်)တို့၏သမီးကြီး၊ ကညွတ်ကွင်းနေ (ဦးစံဖေ-ဒေါ်ကျော့)တို့၏သမီးချွေးမ၊ ရန်ကင်းမြို့နယ်၊တိုက် ၂၂၄၊ အခန်း ၄၊ ရန်ငြိမ်းလမ်းသွယ်၂နေ [SE ဦးသန်းထွန်း(အင်ဂျင်နီယာဌာန၊မြန်မာ့လေကြောင်း၊ ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးကျော်တင့်ဆွေ(သံအမတ်ကြီး၊ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မေယဉ်ထွန်း၊ ဒေါ်ခင်ဝင်းနီ-ဦးမြင့်သင်း(ခေတ္တ-စင်ကာပူ)၊ ကပ္ပတိန် ဦးတင်အောင်ကျော်-ဒေါ်ညိုညိုချစ် (ခေတ္တ-USA )၊ ဒေါက်တာဦးဝင်းနိုင် -ဒေါက်တာ ဒေါ်မဉ္ဇူအောင်(ခေတ္တ-ဘရူနိုင်း)တို့၏ အစ်မကြီး၊ ဒေါ်စန္ဒာ သန်းထွန်း(အလယ်တန်းပြ၊ ငြိမ်း၊ YTTC)-ဦးစိုးလွင်(ဒေသခန့်ဝန်ထမ်း၊ ဂျပန်နိုင်ငံ မြန်မာသံရုံး)၊ ဦးတင်အောင်သန်း(မြန်မာသံရုံး၊ ခေတ္တ-အော့တဝါမြို့)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မဆုယဉ်ဝင်း( Grade 8-1, ပြည်လမ်း၊ TTC )၏ဘွားဘွားကြီးသည် ၁၉-၁၂-၂၀၁၄ရက် (သောကြာနေ့)နံနက် ၄း၅၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

### ကျေးဇူးတင်ရှိခြင်း

**ဦးချစ်တီး (ပုသိမ်)**
**အသက်(၈၂)နှစ်**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပုသိမ်ခရိုင်၏နာရေးကိစ္စတွင် ပုသိမ်မြို့၊ ညောင်ပင်သာကျောင်းတိုက်၊ မော်ဘီမြို့ ကုလားကုန်းကျေးရွာနှင့် ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊သီရိလမ်းနေအိမ်တို့တွင်ပြုလုပ်ခဲ့သောရက်လည် ဆွမ်းကျွေးကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုး၊ မိတ်ဆွေအပေါင်းအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

ဒုရဲမှူးကြီးအောင်မြင့် (ရဲ-၁၉၉၁) မြဝတီခရိုင် ရဲတပ်ဖွဲ့မှူး ရဲအုပ်လောင်းအမှတ်စဉ်(၁၅) အသက်(၅၉)နှစ် ကရင်ပြည်နယ်ရဲတပ်ဖွဲ့ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးအောင်မြင့်သည် ၆-၁၂-၂၀၁၄ ရက် နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**တပည့် ဒုရဲမှူး**
**ထွေးမြင့်မောင်**
**ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့**

### (အကြောင်းကြားစာ)

**မောင်ရဲညွှန့်ထွေး(ခ)ဆိုလိုင်မာန် (ဘ)ဦးတင်ဦး(ခ)ဦးယူနွတ်စ်သိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်တွင်နေ မောင်ရဲညွှန့်ထွေး(ခ)ဆိုလိုင်မာန် (ယခုနေရပ်လိပ်စာမသိ) သိစေရန်ဖြစ်သည်။

ဇနီးဖြစ်သူ မစိုးသီတာကို(ခ)ဆာဂျေဒါဘီ ၇/ရကန(နိုင်)၀၇၁၈၀၅မှ ၎င်းသည် လင်ယောကျ်ားနှင့် မည်သည့်နည်းနဲ့မျှ မပေါင်းသင်းနိုင်တော့သည့်အခြေအနေအရ ဇနီးဖြစ်သူ အစ္စလာမ်ဘာသာရေးအရ လင်မယားကွာရှင်းလိုမှု လျှောက်ထားစွဲဆိုချက်သည်ဖြစ်၍ အထက်အမည်ပါ မောင်ရဲညွှန့်ထွေး(ခ)ဆိုလိုင်မာန်မှ ဇနီးဖြစ်သူ၏ လင်မယားကွာရှင်းလိုမှု လျှောက်ထားချက်အပေါ် ထုချေရှင်းလင်းတင်ပြရန် ၂၇-၁၂-၂၀၁၄ရက် မွန်းလွဲ ၂း၀၀နာရီတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ့်ရေးရာခုံရုံးသို့ အောက်တွင်ဖော်ပြထားသော လိပ်စာအတိုင်း လာရောက်ရမည်။

သင်သိစေသည်မှာ ဆိုခဲ့သည့်နေ့ရက်တွင် ကာယကံရှင်၊ အသင်ကိုယ်တိုင်မှ မလာရောက် ပျက်ကွယ်ခဲ့လျှင် ဘာသာရေးအရ လျော်ကန်သင့်မြတ်သလို ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေပါသည်။

**အလ်ဟာဂျ် အွတ်စ်တာဇ်ဦးကျော်စိုး(စာရေးဆရာ)**
**အထွေထွေအတွင်းရေးမှူးချုပ်**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**အမှတ် (၇၉)၊ ၆-လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၂၄၁၇၁၇၊ ၀၉-၅၀၈၄၅၈၇၊ ၀၉-၄၄၉၀၁၆၇၉၇**

### အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်၁ရပ်ကွက်၊ အကွက်အမှတ်၊ (န-၇)၊ဦးပိုင်အမှတ်(၃၈+၄၇)ဦးသန့်ဇင် အမည်ပေါက် တွဲလျက်ဂရန်မြေ(၂)ကွက်၏ မြေဂရန်စာချုပ်နံပါတ် ၂၁၂/၈၉-၉၀ (အာရ်ပီနံပါတ်-၅၁၇/၈၉-၉၀)ဂရန်စာချုပ်မူရင်းမှာ မိမိလက်ဝယ်တွင် အသိမ်းဆည်းလွန်၍ ပျောက်ဆုံးသွားပါသောကြောင့် သက်ဆိုင်ရာဌာနသို့ ဂရန်မူရင်းခွဲ(မိတ္တူမှန်)ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါကအဆိုပါ ဂရန်စာချုပ်မူရင်းနှင့်အတူ ခုနစ်ရက်အတွင်း သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇင် ၁၃/တကန(နိုင်)၀၆၈၆၇၄**
**မဟာစည်ရိပ်သာလမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ်(၁၁၇၈)၊ မြေကွက်တည်နေရာအမှတ်(၁၁၇၈)၊ ဇင်္ဂမလမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်အေးသီ)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးသီ(မိခင်)နှင့် ဦးအောင်သန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်ခင်သန်းဦး ၁၂/သကတ(နိုင်)၀၀၄၆၉၁၊ ၂။ ဒေါ်လှမြင့် ၁၂/သကတ(နိုင်)၀၀၄၈၇၇၊ ၃။ ဒေါ်စိုးစိုးသန်း ၁၂/သကတ(နိုင်)၀၀၄၆၉၀၊ ၄။ ဦးအောင်ထွန်း ၁၂/သကတ(နိုင်) ၀၀၄၈၉၆၊ ၅။ ဦးဝင်းသိန်း ၁၂/သကတ(နိုင်)၀၀၄၈၇၅၊ ၆။ ဒေါ်ဝင်းဝင်းကြည် ၁၂/သကတ(နိုင်)၀၀၄၈၇၉၊ ၇။ ဒေါ်အေးအေးသန်း ၁၂/သကတ(နိုင်)၀၀၄၆၈၉၊ ၈။ ဦးလှအောင် ၁၂/သကတ(နိုင်)၀၀၄၉၁၇၊ ၉။ ဦးလှိုင်ဝင်း ၁၂/သကတ(နိုင်) ၀၀၁၃၃၁၊ ၁၀။ ဒေါ်အေးမွန်ထွေး ၁၂/သကတ(နိုင်)၀၀၁၁၃၈ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၉၀၅/၂၀၀၈)၊ (၁၀၆၇၂/၂၀၀၇)နှင့် (၁၃၂၉၅/၂၀၀၈)ရသူ ဒေါ်ဝင်းဝင်းကြည် ၁၂/သကတ(နိုင်)၀၀၄၈၇၉မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကြော်ငြာ

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ရဟန်းဒါယိကာမကြီး**
## ဒေါ်ထင်လေး အသက်(၉၁)နှစ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ အင်ဂျင်နီယာမှူးကြီး(မြို့ပြ) ဦးစိုးမင်း-ဒေါ်နုနုလတ်တို့၏ကျေးဇူးရှင်မိခင် ဘုရား၊ ရဟန်းဒါယိကာမကြီး ဒေါ်ထင်လေး အသက်(၉၁)နှစ် လှိုင်မြို့နယ် မယ်ဇီကုန်းလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ၁၉/A ၊ ရန်ကုန်မြို့သည် ၁၉-၁၂-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာများနှင့်ဝန်ထမ်းမိသားစုများ၊ အထူးစီမံကိန်းကြီးအဖွဲ့(၄)**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်ခင်ဝင်းကြည် (Grace Ni)
**အသက်(၈၄)နှစ်**

Myanmar Telecommunication Network Public Co.,Ltd.(MTN), Managing Director ဦးကျော်တင့်ဆွေ-ဒေါ်မေယဉ်ထွန်းတို့၏ အစ်မကြီး ဒေါ်ခင်ဝင်းကြည် (Grace Ni)သည် ၁၉-၁၂-၂၀၁၄ရက်(သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**MTN ဉက္ကဋ္ဌ၊ အမှုဆောင်ဒါရိုက်တာများနှင့် ဝန်ထမ်းများ**

## မြန်မာ့ရုပ်မြင်သံကြား

**၂၁-၁၂-၂၀၁၄(တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၆း၂၀ | သက်ရှည်ကျန်းမာ လေ့ကျင့်ပါ |
| ၆း၃၀ | မြန်မာ့အသံခေတ်ပေါ် တေးဂီတာအဖွဲ့ ဖျော်ဖြေခန်း |
| ၆း၄၀ | **မွှာစကြာတရား ဦးဟောရာ မိဂ ဒါဝုန်မှာ သံဝေဂရယူပါ** |
| ၇း၀၀ | နံနက်ခင်းသတင်း |
| ၇း၂၀ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၉း၃၀ | ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ် |
| ၁၀း၂၀ | ၂၀၁၃ခုနှစ် အကယ်ဒမီ ထူးချွန်ဆုအတွက် ကြိုးပမ်းအား ထုတ်မှုများ (Roat To Academy -2013)(Part-3 &4) |
| ၁၂း၄၅ | ဖြူမဲရုပ်ရှင် **သီတာပြိုး** (ကောလိပ်ဂျင်နေဝင်း၊ စိုးရွှေ၊ မင်းဟန်၊ မြင့်ဖေ၊ ခင်သန်းနု၊ ဘေဘီနွဲ့) (ဒါရိုက်တာ-သက်လယ်) |
| ၁၆း၁၅ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်း စာ ပထမနှစ်(အင်္ဂလိပ်စာမှ လွဲ၍အထူးပြုအားလုံး) (အင်္ဂလိပ်စာ) |
| ၁၈း၄၀ | သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် ကိုတင့်တို့ စူပါရပ်ကွက် |
| ၁၉း၂၀ | အနုပညာသတင်း အစီအစဉ် |
| ၁၉း၅၀ | လေလှိုင်းကြားက နားဆင်စရာ"သွေး" ဇာတ်လမ်းပမာ |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၁း၀၀ | တစ်မျက်နှာ၊ တစ်ကွက်စာ မနက်ဖြန် (ကြာစိ၊ ကျော်စိုး၊ ထိုက်ဆုဝင်း၊ သဇင်ထူးနိုင်) (ဒါရိုက်တာ-မေတင်) -Tasty Trip |

## အထက်ပိုင်းဒေသများတွင် ညအပူချိန်များလျော့နည်းနေမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် - ၂ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ဟဲဟိုးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီ စင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး**
## ဒေါ်စောကျင်
**(မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်းနေ အဒေါ်ဖြစ်သူ ဒေါ်စောကျင်သည် ၁၉-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နယူးယောက်မှ တူ၊ တူမများ**
**ပို့ပို့ မိသားစု၊ လိလိမိသားစု၊ကိုခင်ချို-အဖောင်မိသားစု**
**ကိုထွန်းထွန်း-ဆယ်လီနှင့်မောင်မောင်**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စိန်လှ
**အသက်(၈၆)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက် ၂၃၃၆၊ အခန်း ၁၃နေ (ဦးသန်းဖေ-ဒေါ်နှင်းသန့်)တို့၏သမီးကြီး၊ (ဦးတင်ဖေ-ဒေါ်အေးတင်)တို့၏သမီးချွေးမ၊ ဦးတင်ရီ(မြန်မာ့မီးရထား၊ ငြိမ်း)၏ဇနီး၊ (ဦးသန်းဦး)၊ ဦးခင်ဇော်(မြန်မာ့မီးရထား၊ လျှပ်စစ်)-ဒေါ်အေးအေးမြင့်၊ ဦးစောဝင်း(မြန်မာ့မီးရထား၊ လျှပ်စစ်)-ဒေါ်စန်းရီ၊ ဦးအေးသွင်(မြန်မာ့မီးရထား၊ တွဲမီး)-ဒေါ်မြင့်မြင့်ထွေး၊ ဦးအောင်တင်(ခေတ္တ-စင်ကာပူ)-ဒေါ်စုနန္ဒာ(ခေတ္တ-စင်ကာပူ)၊ ဦးမြင့်ကျော် (FMI-Air Ltd.)-ဒေါ်နန်းခိုင်ခိုင်စု(ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၉-၁၂-၂၀၁၄ရက်(သောကြာနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော် (ခုတင်-၁၀၀၀) အအေးတိုက်မှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကိုကိုလေး
**(ဖြူးမြို့နယ်၊ ဇေယျဝတီမြို့)**
**ASIA EXPRESS CO.,LTD ၏နာယကကြီး**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒိုမီနီယံ၊ တိုက် C ၊ အပေါ်ဆုံးထပ်၊ အခန်းအမှတ်(15-01)နေ (ဦးစိန်-ဒေါ်တင်ဟုန်)တို့၏သား၊ (ဦးချို-ဒေါ်ညိုညိုသန်း)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရွှေ(ခ)ဒေါ်ယုံ၏ချစ်လှစွာသောခင်ပွန်း၊ မချယ်ရီကို၊ မောင်ဟိန်းလင်းထက်တို့၏ချစ်လှစွာသောဖခင်၊ ဦးသစ်ဦး-ဒေါ်ရီရီလှိုင်၊ (ဦးတင်လုံး)-ဒေါ်အမာတို့၏ ညီ/မောင်၊ (ဦးဝင်းလွင်)-ဒေါ်အေးအေးမြင့်၊ ဦးမောင်မောင်(ဉက္ကဋ္ဌ) Asia Express Co.,Ltd.-ဒေါ်သက်သက်နိုင်၊ ဒေါက်တာမောင်မောင်ဦး (MD) Asia Express Co.,Ltd.-ဒေါ်အေးမြင့်၊ ဦးဝင်းစိန်(MD)National Land Co,Ltd.-ဒေါက်တာသန်းသန်းနွဲ့(ဒါရိုက်တာ) Asia Plaza Hotel၊ ဒေါက်တာဝင်းမြင့်(ဒါရိုက်တာ) National Land Co, Ltd.-ဒေါ်ခင်ဝါဝါ (ဒါရိုက်တာ) Asia Express Co., Ltd၊ ဒေါက်တာအောင်လင်း(ဒါရိုက်တာ)ရွှေဗဟိုဆေးရုံ-ဒေါ်မီမီစိန်(ဒါရိုက်တာ)Asia Express Co.,Ltd.တို့၏အစ်ကိုကြီးသည် ၂၀-၁၂-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် SML ကျောက်ကပ်သန့်စင်အထူးကုစင်တာ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဖြူဝင်း
**အလယ်တန်းပြ(ငြိမ်း)၊ အလက(၂)ဒဂုံ**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၉၊ အခန်း ၁၄နေ (ဗိုလ်ကျော်ဒင်-ဒေါ်ခင်မြင့်)တို့၏သမီး၊ မော်လမြိုင်မြို့နေ ဦးကျူကွီ-ဒေါ်ကျင်ငွေတို့၏သမီးချွေးမ၊ (ဒေါက်တာလှဝင်းဒင်)၊ ဦးအောင်မြင့်ဒင်(ခေတ္တ-သြစတြေးလျ)တို့၏ညီမ၊ ဦးသိန်းမြင့်ဒင်(ခေတ္တ-ဒိန်းမတ်)၏အစ်မ၊(ဦးဖုံကြည်)၏ချစ်လှစွာသောဇနီး၊ ဦးမင်းထွဋ်ဖုံ-ဒေါ်နှင်းပန်းခက်(ခေတ္တ-သြစတြေးလျ)တို့၏ချစ်လှစွာသောမိခင်၊ မဂျူလိုင်နှင်းဆီ၏ဘွားဘွားသည် ၂၀-၁၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၈း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၄ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုအရာခံဗိုလ်ကျော်လှထွန်း
**အသက်(၆၀)**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကဇုကိုင်းကျေးရွာနေ (ဦးရွှေပန်းဦး-ဒေါ်စံဦးဖြူ)တို့၏သားထွေး၊ (ဦးကျော်စံဦး)၊ (ဦးကျော်မှိုင်း)၊ [ဦးပညောဘာသ(ခ) ဦးကျော်ဝင်း]၊ဒေါ်ကျော်နု၊ ဦးတင်ဝင်း (အရာခံဗိုလ်၊ ငြိမ်း)၊ ဦးကျော်ခဲ(ရဲအုပ်၊ ငြိမ်း)၊ တောင်ဒဂုံ ပဋ္ဌာန်းဗိမာန်ကျောင်း ဆရာတော်၏ညီ/မောင်သည် ၂၀-၁၂-၂၀၁၄ရက်(စနေနေ့) နံနက် ၉း၄၅နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) (မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) (မင်္ဂလာဒုံ)မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီတွင် လှည်းကူးမြို့နယ်၊ သရက်ကုန်းကျေးရွာ၊ ရိပ်သာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းဝင်း
**စာရင်းကိုင်အုပ်(ငြိမ်း)**
**ရန်ကုန်တိုင်းဒေသကြီး**
**အနောက်ပိုင်းခရိုင်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်နေ(ဦးဘတိုး-ဒေါ်သန်းတင်)တို့၏သားကြီး၊ ဦးသိန်းဝင်း (အခွန်ဦးစီးမှူး၊ လမ်းမတော်)-ဒေါ်တင်တင်သန်းတို့၏အစ်ကို၊မောင်စည်သူ၏ဘကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ခမ်းမဆောင်လမ်း၊ အမှတ်၁၄နေ ဦးကျော်ညွန့်-(ဒေါ်မြနု)တို့၏သားသမက်၊ ဒေါ်ရီရီညွန့်၏ခင်ပွန်း၊ မသက်ဆုပန် (Elite Tech Group of Companies)၏ဖခင်သည် ၁၉-၁၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၅း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်အေးပို (ပုလော)
**အသင်းဝင်အမှတ်-၆၆ါ**
**အသက်(၇၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကံ့ကော်လမ်းနေ (ဦးသန်းရင်)၏ဇနီးသည် ၁၈-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့)ည ၉း၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၀-၁၂-၂၀၁၄ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## ဒေါ်တင်အောင် (ရန်ကင်း)
**အသက်(၇၀)**

ရန်ကုန်မြို့နေ (ဦးလှ-ဒေါ်သက်တင်)တို့၏သမီး၊ (ဦးကြင်စိန်-ဒေါ်ကြင်ယုံ)တို့၏သမီးချွေးမ၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ အမှတ် ၃၄နေ ဦးဝင်းကြည်၏ဇနီး၊ ကိုတင်ကိုဦး-မသီရိဇော်၊ မခင်ငြိမ့်ငြိမ့်ဝင်း၊ ကိုတင်ထွဋ်ဝင်း၊ (မအေးမြတ်မြတ်ဖြိုး)တို့၏မိခင်၊ မစန္ဒြာဦး၏အဘွားသည် ၁၉-၁၂-၂၀၁၄ရက် (သောကြာနေ့) ည ၁၁း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှမောင် (မြေပုံမြို့နယ်)
**ဥပဒေအရာရှိ(ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ**
**ဇေယျ(၇၁)၊ ဖောင်ကြီး**
**အသက်(၆၀)**

မြေပုံမြို့၊ သဲတန်းရပ်ကွက်နေ (ဦးထွန်းကျော်အောင် - ဒေါ်အောင်သာ)-ဒေါ်မညိုတို့၏သားကြီး၊ မာန်အောင်မြို့၊ ကမ်းနားရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးဝင်းခင်မောင်-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၁၈၊ အခန်း ၁၀၂နေ ဒေါ်ခင်ထွဏ်းမော်(ဒုတိယခရိုင်ဥပဒေအရာရှိ၊ ရန်ကုန်အနောက်ပိုင်းခရိုင်ဥပဒေရုံး)၏ခင်ပွန်း၊ ဒေါက်တာထက်ထက်အောင်(သွားဆရာဝန်၊ ထန်းတပင်မြို့နယ်ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး)၊ ဒေါ်ဆုရည်ထက်(S.A.T၊ အထက-၄၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (မောင်အောင်ကိုဖြိုး)၊ မောင်တိုးအောင်ကို (တတိယနှစ်၊ ရေကြောင်းတက္ကသိုလ်)တို့၏ဖခင်သည် ၂၀-၁၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၄း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၂-၁၂-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမုတ်ဆိတ်
**(ငွေအိုး-ပုလဲသီးမစ်ရှိတ်လုပ်ငန်း)**
**အသက်(၅၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ် ၁၁၈၄/ခနေ သာသနာ့ဟိတဆရာတော်၏ နောင်တော်ကြီး(ဦးကျော်အေး)-ဒေါ်တင်စိန်တို့၏သား၊ (ဦးအောင်လှ-ဒေါ်ညွန့်)တို့၏သားသမက်၊ဦးမြင့်ဦး-ဒေါ်စံပယ်ဦး၊ ဦးအောင်ဇော်ဦး-ဒေါ်အေးအေးမော်တို့၏အစ်ကို၊ ဒေါ်ထားထား၏ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းဇော်-မဇင်မာစိုး၊ မောင်သန်းထိုက်စိုး-မစုစုသင်း၊ မဝင်းနန္ဒာကျော်၊ မောင်ထက်ဦးဝေယံတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၄ရက် (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၃-၁၂-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ (၁၀၇)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ် (၁၁၈၄/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာယမကြီး**
## ဒေါ်သွင်ကြည်
**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၁၁)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ် ၄၇၃နေ (ဦးလှအုန်း-ဒေါ်တင်)တို့၏သမီး၊ (ဦးထွန်းအောင်၊ မြို့နယ်ပညာရေးမှူး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးနေဦး(ဗေဒါဆောက်လုပ်ရေး)-ဒေါ်ကျင်နု၊ (ဦးဟိန်းမြင့်၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)-ဒေါ်ဝင်းဝင်းနု(အလပြ၊ ငြိမ်း)၊ ဒေါ်သင်းသင်းစု(အထက၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဦးမြင့်ဌေးအောင် (CSSC Co., Ltd.)-ဒေါ်ခင်အေးသွင်၊ ဒေါ်ကြည်ကြည်အောင်(အလယ်တန်းပြ၊ ထ-၁၊ ပန်းဘဲတန်း)၊ ဦးမြတ်ကျော်-ဒေါ်နီနီအောင်၊ ဦးဇော်လွင်(CNQC Co., Ltd.)-ဒေါ်သင်းသင်းနိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၁၂-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁း၀၃နာရီတွင် တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်ဦး (ဟိုပုံး)
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၁၆နေ (ဦးခမ်းလူ-ဒေါ်ယဉ်နု)တို့၏သမီးကြီး၊ ဗိုလ်မှူးကြီးသီဟသူရစိုးသိမ်း(ငြိမ်း)၏ဇနီး၊ သမီးကြီး ဒေါ်မူမူစိုး၊ သား ဦးရန်နိုင်စိုး၊ သမီးငယ် ဒေါ်ဥမ္မာစိုး-ဦးကြည်စိုးတို့၏မိခင်၊ မြေး မောင်စိုးလပြည့်၏အဘွားသည် ၁၈-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၂-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်ဦး (ဟိုပုံး)
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၁၆နေ (ဦးခမ်းလူ-ဒေါ်ယဉ်နု)တို့၏သမီးကြီး၊ ဗိုလ်မှူးကြီးသီဟသူရစိုးသိမ်း(ငြိမ်း)၏ဇနီး၊ (ဦးချစ်လှိုင်)-ဒေါ်ခင်ပွင့်၊ ဦးစောရွှေ-ဒေါ်သိန်းညွန့်၊ (ဒုတိယဗိုလ်မှူးကြီး တင့်ဆွေ၊ ငြိမ်း) - ဒေါ်နန်းလိန်ခမ်း၊ ဦးစိုင်းရွှေတောင် - ဒေါ်နန်းသန်းညို၊ ဦးအယ်လ်ဘဦး-ဒေါ်နန်းစမ်းတင်၊ ဦးလှထွန်း-ဒေါ်နန်းတင်ညွန့်တင်၊ ဦးစိုင်းလှအောင်-နော်လားစံထူး၊ ရဲမှူးကြီးမြင့်စိုး(ငြိမ်း)-ဒေါ်နန်းခင်ညွန့်နွယ်၊ ဦးမျိုးမင်းထွန်း-ဒေါ်နန်းနန္ဒာထွေးတို့၏အစ်မကြီး၊ တူ၊ တူမ ၃၀တို့၏ကြီးကြီးသည် ၁၈-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

## ဦးဖေညွန့်(ခ)ဦးဖေအောင် (B.Ed)
**(ယခင် ကံ့ကော်မြိုင် အဝေးသင်ကိုယ်ပိုင်သင်တန်းကျောင်း)**
**တွဲဖက်ပါမောက္ခ-ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန**
**နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့နေ(ဦးစော-ဒေါ်မကြီး)တို့၏သား၊ (ဦးတင်မြင့်-ဒေါ်တင်တင်ကြီး)တို့၏သားသမက်၊ ဦးအုန်းကျော်-ဒေါ်သန်းနွဲ့၊ (ဒေါက်တာဦးသိန်းတိုး)-ဒေါ်ခင်သစ္စာ၊ (ဒေါက်တာဦးတင်ညွန့်)တို့၏ညီ၊ ဒေါက်တာဦးခိုင်ညွန့်-ဒေါ်မာမာဦး၊ ဦးနှစ်ဆန်း-ဒေါ်နော်သလေးဖော၊ဒေါ်မိမိ-ဦးထွန်းအောင်တို့၏အစ်ကို၊ မသန့်သန့်စိုး-ကိုကျော်မောင်မောင်ခင်၊ မလွင်လွင်၊ ကိုထွန်းအောင်၊ ကိုအောင်သူရ-မကေသွယ်ထွန်း၊ မစောမြဖေ၊ မောင်အောင်ဖေဦးတို့၏ဖခင်၊ ဒေါ်ယဉ်မင်းသူ၏ခင်ပွန်းသည် ၁၉-၁၂-၂၀၁၄ရက် (သောကြာနေ့) ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ အမှတ် ၂၃၊ တိုက် ၇၊ ရှင်စောပုဘုရားလမ်း၊ စမ်းချောင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှမောင် (မြေပုံမြို့နယ်)
**ဥပဒေအရာရှိ(ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ**
**ဇေယျ(၇၁)၊ ဖောင်ကြီး**
**အသက်(၆၀)**

မြေပုံမြို့၊ သဲတန်းရပ်ကွက်နေ (ဦးထွန်းကျော်အောင် - ဒေါ်အောင်သာ)-ဒေါ်မညိုတို့၏သားကြီး၊ မာန်အောင်မြို့၊ ကမ်းနားရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးဝင်းခင်မောင်-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဦးသိန်းမြင့်(အထက၊ ကျောင်းအုပ်၊ ငြိမ်း)၊ ဒေါ်အေးသိန်းကြည် (မြို့နယ်ဦးစီးအရာရှိ၊ ငြိမ်း၊ သ/မဦးစီး)တို့၏ ညီ/မောင်၊ ဦးလှသိန်း(ရခိုင်ပြည်နယ်ဥပဒေချုပ်)-ဒေါ်ခင်မေအောင်(စာရင်းစစ်ရုံး၊ ငြိမ်း)၊ ဒေါ်ခင်စော(အလပြ၊ငြိမ်း)တို့၏အစ်ကို၊ ဒေါ်မူမူဝင်း(အထက၊ ကျောင်းအုပ်ကြီး၊ ဒေါ်ဌေးဌေးဝင်း(အထပြ)၊ (မောင်သန်းဌေးဝင်း)၊ ဦးကျော်ထွန်း-ဒေါ်ဝင်းဝင်းမော် (စာရင်းစစ်မှူး၊ တောင်ဥက္ကလာပမြို့နယ် စာရင်းစစ်ရုံး)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၁၈၊ အခန်း ၁၀၂နေ ဒေါ်ခင်ထွဏ်းမော်(ဒုတိယခရိုင်ဥပဒေအရာရှိ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဥပဒေရုံး)၏ခင်ပွန်း၊ ဒေါက်တာထက်ထက်အောင်၊ ဒေါ်ဆုရည်ထက်(အထပြ)၊ (မောင်အောင်ကိုဖြိုး)၊ မောင်တိုးအောင်ကို(3rd, MMLL)တို့၏ဖခင်သည် ၂၀-၁၂-၂၀၁၄ရက်(စနေနေ့) နံနက် ၄း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်မြင့်
**အလယ်တန်းပြဆရာမ**
**အထက ချောင်းမကြီး**
**တွံတေးမြို့နယ်**
**အသက်(၅၀)**

ရန်ကုန်မြို့၊ ဆည်မြောင်းဝန်ထမ်းအိမ်ရာဝင်း၊အမှတ် ၂/၇/၁၊ ရွှေပေါက်ကံမြို့နယ်နေ (ဦးစိုးတင့်)-ဒေါ်ကြည်တို့၏သမီး၊ ၁၄၈လမ်း၊ တာမွေမြို့နယ်နေ (ဦးစံမောင်)-ဒေါ်ညွန့်ကြည်တို့၏ သမီးချွေးမ၊ (ဦးခင်မောင်လတ်)-ဒေါ်ချိုချိုမြင့်[စာရင်းကိုင်-၂၊လ/ထညွှန်မှူး(၂)ရုံး၊ စက်မှုတိုင်း(၁)၊ ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်မြို့]၊ ဦးအောင်ဇော်ထွန်း[ဦးစီးမှူး၊ မြို့ပြ၊ တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန၊ လှည်းကူးမြို့]-ဒေါ်အေးအေးမြင့်တို့၏အစ်မ၊ မတင်တင်ထက် (Myanmar Information Technology Co., Ltd.)၏မိခင်၊ တူ၊တူမ လေးယောက်တို့၏အဒေါ်၊ ဦးအောင်မြင့်စိုး(အလယ်တန်းပြ၊အထက၊ချောင်းမကြီး၊တွံတေးမြို့နယ်)၏ ချစ်လှစွာသောဇနီးသည် ၂၀-၁၂-၂၀၁၄ရက် (စနေနေ့) နံနက် ၄း၃၀နာရီတွင် ရွှေပေါက်ကံ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၁၂-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (ရွှေပေါက်ကံနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၄ရက် (သောကြာနေ့)တွင် ရွှေပေါက်ကံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကွဲကာမှအများဆုံးကူညီထောက်ပံ့ပေးသည့်နိုင်ငံအနေဖြင့် မြန်မာကိုရွေးချယ်ထား

သတင်း
ခင်ရတနာ

ဆိုးလ် ဒီဇင်ဘာ ၂၀

**၂၀၁၆ခုနှစ်တွင် မြန်မာနိုင်ငံသည် ကွဲကာ၏အများဆုံးကူညီထောက်ပံ့မှုပေးအပ်မည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် ကွဲကာ (Korea International Cooperation Agency: KOICA) အဖွဲ့အစည်း၏အကြီးအကဲ ယောင်မိုကင်းမ်က အာဆီယံမီဒီယာများနှင့်တွေ့ဆုံပွဲတွင် ပြောကြားသည်။**

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားမှုဖြင့် အလည်အပတ်နှင့် လေ့လာရေးခရီးစဉ်အဖြစ် အာဆီယံနိုင်ငံများမှ မီဒီယာ ၃၀ ဦးတို့ ဆိုလ်းမြို့ရှိ ကွဲကာ ရုံးချုပ်သို့ ရောက်ရှိလေ့လာစဉ် ဒီဇင်ဘာ ၉ ရက်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ဘူဆန်မြို့ဘက်စ်ကို ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် အာဆီယံ- ကိုရီးယား ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ် အစည်းအဝေးအခမ်းအနားရှိ ကွဲကာ၏ Saemaul Undong Project (စံပြကျေးရွာစီမံကိန်း) ပြခန်း၌လည်း အာဆီယံမီဒီယာများနှင့် ဒုတိယအကြိမ် တွေ့ဆုံခဲ့ပြီး နိုင်ငံအလိုက် တစ်ဦးချင်း တွေ့ဆုံမေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့သည်။

မြန်မာနိုင်ငံတွင် ကွဲကာ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကွဲကာအကြီးအကဲ မစ္စတာ ယောင်မိုကင်းမ်က“၂၀၁၄ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အတွင်း ငါးနှစ်စီမံကိန်းနဲ့ ကွိုက်ကာရဲ့ အောင်မြင်တဲ့ ဆေးမားအွန်ဒေါင်း (စံပြကျေးရွာ) စီမံကိန်းကို အမေရိကန်ဒေါ်လာ ၂၂ သန်းနဲ့ အကောင်အထည်ဖော်သွားမှာပါ။ ဘဏ္ဍာငွေသုံးစွဲမှုကိုလည်း မြန်မာအစိုးရအပါအဝင် ကွဲကာက တာဝန်ရှိသူတွေစုပေါင်းပြီး ကိုင်တွယ်သုံးစွဲသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ကျေးရွာရွေးချယ်မှုတွေ၊ ကျေးရွာရဲ့ လူငယ် ခေါင်းဆောင်ရွေးချယ်မှုတွေကို မြန်မာနိုင်ငံက တာဝန်ရှိသူတွေနဲ့ ပူးတွဲဆောင်ရွက်နေတယ်။ ကျေးရွာ ၁၀၀ ကို ငါးနှစ်အတွင်း စံပြရွာများအဖြစ် ဆောင်ရွက်ပေးသွားမယ်။ အဓိကရွေးချယ်မှုကတော့ အမှန်တကယ် အလုပ်လုပ်ကိုင်လိုစိတ်ရှိတဲ့ ကျေးရွာတွေ



အာဆီယံ-ကွဲကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အရှေ့တောင်အာရှ ခေါင်းဆောင် မစ္စကင်ဂျီယွန်း။


ဖြစ်ရမယ်။ စီမံကိန်းဆောင်ရွက်မှုမှာ တက်ကြွစွာ ပါဝင်ရမယ်။ နည်းပညာနဲ့ နည်းစနစ်၊ စီမံခန့်ခွဲမှုတွေကို ကွဲကာကနေ စီမံဆောင်ရွက်ပေးမယ်”ဟု မြန်မာ့အလင်း၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ကွဲကာအဖွဲ့အစည်းကို ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယူဂန္ဒာ၌ တိုင်းရင်းသားများအတွက် နေထိုင်စားသောက်မှု၊ စိုက်ပျိုးရေးနှင့် လူနေမှုအဆင့်အတန်းများအားလုံးကို အဆင့်အတန်းတစ်ခုအထိ *စာမျက်နှာ ၆ ကော်လံ ၁* ●

# လေးနိုင်ငံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ယှဉ်ပြိုင်ထိုးသတ်မည်

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)


တူးတူး(နဂါးမာန်)


အက်ဒွပ်(အမေရိကန်)

**ရန်ကုန် ဒီဇင်ဘာ ၂၀**

အိမ်ရှင် မြန်မာ၊ အမေရိကန်၊ ရုရှားနှင့် ထိုင်း လေးနိုင်ငံတို့မှ နိုင်ငံကိုယ်စားပြု နာမည်ကြီးရွှေတံဆိပ်ချန်ပီယံဆုရှင် လက်ဝှေ့ကျော်အားကစားသမားများ ယှဉ်ပြိုင်ထိုးသတ်မည့် လေးနိုင်ငံဖိတ်ခေါ်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ယခုလာမည့် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၈ ရက်တွင် မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင်ပရိသတ်များ သည်းထိတ်ရင်ဖိုရှုမြင်ကြရမည့် လေးနိုင်ငံယှဉ်ပြိုင်ထိုးသတ်မည့်ပွဲစဉ်ငါးပွဲမှာ ၂၀၁၂ အာရှမွေ့ရွှေခါးပတ်ချန်ပီယံလည်းဖြစ်၊ ၂၀၁၃ ဆီးဂိမ်းမွေ့ ချန်ပီယံလည်းဖြစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ကျော် တူးတူး(နဂါးမာန်)နှင့် WMC ချန်ပီယံ၊ Ameteur ချန်ပီယံနှင့် အမေရိကန်လက်ဝှေ့ချန်ပီယံ အက်ဒွပ်(အမေရိကန်)၊ ၂၀၁၂ ခုနှစ် ဒင်္ဂါးရွှေအောင်လံငွေတံဆိပ်ဆုရှင် မြန်မာ့လက်ဝှေ့ကျော် သပြေညို (မိုဂသီ)နှင့် မွေထိုင်းလက်ဝှေ့လောကတွင် ပြိုင်ဘက်ကင်းဆရာကြီးဟု နာမည်ကြီးနေသည့် မွေထိုင်းဘုရင့်ချန်ပီယံ၊ ကာဇက်စတန်နှင့် ရုရှားမွေ့ထိုင်း ထပ်ဆင့်ချန်ပီယံနှင့်အာရှ-ဥရောပမွေ ထိုင်းချန်ပီယံ ဒူးလက်(ရုရှား)၊ တစ်ဖန်မြန်မာနိုင်ငံရိုးရာလက်ဝှေ့တွင် *စာမျက်နှာ ၅ ကော်လံ ၁* ❍

# ရန်ကုန်မြို့ရှိ ကမ်းနားလမ်းပိုင်း၌ လျှပ်စစ်ရထားစတင်ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(SP)**

ရန်ကုန်မြို့အတွင်းရှိ အများပြည်သူများ ခေတ်မီအဆင့်မြင့်စွာ ရထားစီးနိုင်ကြစေရေးအတွက် လျှပ်စစ်ရထားပြေးဆွဲခြင်းအစီအစဉ်ကို ရန်ကုန်မြို့ကမ်းနားလမ်းပိုင်း၌ စတင်ပြေးဆွဲပေးသွားရန်စီစဉ်ထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှသိရသည်။

လျှပ်စစ်ရထားပြေးဆွဲခြင်းအတွက် ကမ်းနားလမ်းပိုင်းရှိ လက်ရှိပြေးဆွဲပေးနေသော RBE ကားရထားနှစ်စင်းနေရာ၌ စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး လျှပ်စစ်ရထားပြေးဆွဲပေးနိုင်ရေးအတွက် ပဏာမတိုင်းတာမှုနှင့်တွက်ချက်မှုများ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းကပြုလုပ်ခဲ့သည့် အင်းစိန်မီးရထားခုံးကျော်တံတားသစ်တည်ဆောက်ရန် ပန္နက်တော်တင်မင်္ဂလာနှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကျင်းပအပြီး၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငြေက မီဒီယာများအား သီးသန့်ပြောကြားခဲ့ခြင်းဖြစ်သည်။

အင်းစိန်ခုံးကျော်တံတားအနီး လျှပ်စစ်ရထားပြေးဆွဲမည်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက “လက်ရှိမြို့ပတ်ရထား *စာမျက်နှာ ၇ ကော်လံ ၆* ✻


မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မြို့ပတ်ပြေးဆွဲပေးနေသော KTM လျှပ်စစ်ရထားအား တွေ့ရစဉ်။

ယနေ့ » မာတိကာ

အာဖဂန်မှ လက်ကျန် ပြင်သစ်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည် စာ » ၄

အနက်ပွားစကားလုံးများ(၂) ဆောင်းပါး စာ » ၆

အင်းစိန် အမှတ်(၂) ခုံးကျော်တံတား စတင်အကောင်အထည်ဖော် တည်ဆောက် စာ » ၁၁

၂၀၁၄ ခုနှစ်ကို ဘိုင်ယန်မြူးနစ် အောင်ပွဲနှင့်အဆုံးသတ် စာ » ၁၃

သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာအဖြာဖြာ အပိုင်း(၁၃) စာ » ၁၅

**ကြော်ငြာအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ရောင်စုံကြော်ငြာအချပ်ပို လေးမျက်နှာနှင့် အဖြူအမည်းရှစ်မျက်နှာ ပါရှိပါသည်။




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS